
mgyoe.com

စိတ်ကူးချိုချိုအနုပညာ



# လင်တော် လင်ကောင်း

လှသမိန်

mgyoe.com

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

အိမ်ထောင်ရေးနှင့်ပတ်သက်သော
သင်ခန်းစာများ ပါဝင်ပြီး
လင်ယောကျ်ားဇ၏ အကြိုက်နှင့် မိမိ၏ အကြိုက်ကို
နှစ်ဦးသဘောတူ နားလည်ကြည်ဖြူနိုင်ရေး
သင်ခန်းစာများလည်း ပေးထားသည်။
လူငယ်မောင်မယ် ယော်ရှယ်သူများအတွက်
အထူးရည်ရွယ်ကာ ရေးသားထားပါသည်။

# လင်တော် လင်ကောင်း

လှသမိန်

htm0013
1500.00 Ks

mgyoe.com

လင်တော်လင်ကောင်း။ လုသမိန်
စာမျက်နှာ ၁၇၅ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ မတ်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၁၉၆၅ ဥဒါန်းစာစဉ်၏ ပထမအကြိမ်မူ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# လင်တော်လင်ကောင်း

## လှသမိန်

ပြန်လည်ရိုက်နှိပ်ခြင်း ၂၀၀၇

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


၁။ နိဒါန်း ၁

၂။ အိမ်ထောင်ရေးအမြင်မှန်။ ၄

၃။ ယောကျ်ားကောင်းတို့ အရည်အချင်း ၉

၄။ မယားရွေးချယ်မှု ၂၅

၅။ လင်ကောင်းတို့တာဝန်ဝတ္တရား ၃၈

၆။ ဆက်ဆံရေး ၆၂

၇။ ပျော်ရွှင်မှု ၇၆

၈။ အိမ်တွင်းရေး ၉၁

၉။ အချစ်နှင့် ကာမမှု ၁၀၄

၁၀။ အနာဂတ်ရေး ၁၁၅

၁၁။ လင်ဆိုးစနစ် ဖြိုဖျက်မှု ၁၃၃

၁၂။ အသေးအဖွဲကိစ္စများ ၁၄၀

၁၃။ လမ်းခွဲမှု ၁၆၁

၁၄။ လင်နီတိ ၁၇၀




mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# နိဒါန်း

လောကတွင် မိန်းမကားပေါ၏။ မယားကရှား၏ဟူသကဲ့သို့ ယောကျ်ားကားပေါ၏။ လင်ကားရှား၏ဟုပင် ဆိုရပေလိမ့်မည်။ ဘုရားကောင်းမှ စင်ခံ–လင်ကောင်းမှ စံရဟူသောစကား ကုန်ရှုံးတစ်ခေါက်၊ လင်ရှုံးတစ်သက်လုံးမှောက်ဟူသောစကားတို့သည် လင်တော်လင်ကောင်းရဖို့မှာ မိန်းမများအတွက် မည်မျှအရေးကြီးကြောင်းကို ညွှန်ပြချက်များလည်း ဖြစ်လေသည်။

လူ့အသိုက်အဝန်းတွင် လင်မယားဟူသော ဒွိယံဆက်ဆံမှုများ ရှိကြရာ... ယောကျ်ားမိန်းမတို့သည် လင်အဖြစ် မယားအဖြစ်၌ တာဝန်ကျေပွန်စွာ ထိန်းသိမ်းဆောင်ရွက်ရန်မှာ အရေးကြီးပေသည်။ ယောကျ်ားတိုင်းသည် တာဝန်ကျေပွန်သော လင်တော်လင်ကောင်းများဖြစ်၍ မိန်းမတိုင်းသည်လည်း တာဝန်ကျေပွန်သော မယားကောင်းများဖြစ်ပါမှ လူ့လောကသည် တိုးတက်ထွန်းကားနိုင်မည်ဖြစ်ရာ ယောကျ်ား မိန်းမတို့၏ လင်အဖြစ်–မယားအဖြစ်၌ အရည်အချင်းပြည့်ဝမှုသည် အမှန်ပင် လိုလားအပ်သော ပြဿနာတစ်ရပ် ဖြစ်လေသည်။

mgyoe.com

mgyoe.com


အများအားဖြင့် အိမ်ထောင်ရေးတွင် အိမ်ရှင်မလောင်းလိုသည်ဟု သာ အမှတ်ထားလေ့ရှိကြပေသည်။ စင်စစ်အိမ်ရှင်ယောကျ်ားလောင်း လည်း လိုပေသည်။ တစ်ဦးတစ်ဖက်က အရည်အချင်းပြည့်ဝရုံဖြင့် တက်စုံလှော်ရမည့်အိမ်ထောင်လှေကြီးသည် လူ့လောကအဏ္ဏဝါပြင်၌ တိမ်းစောင်းခြင်းကို တားဆီးနိုင်မည့်မဟုတ်ပေ။ ယောကျ်ားတစ်ယောက် သည် သာမန်လူ့ဆက်ဆံရေးနှင့်မတူညီသော အိမ်ထောင်ရေးတွင် ကြုံတင်ဆင်ခြင် သိနားလည်မှုမရှိဘဲ လင်တော်လင်ကောင်းတစ်ယောက် အလိုအလျောက်ဖြစ်မလာနိုင်ပေ။ ထိုသူအတွက် လေ့လာဆည်းပူး သင်ကြားဖွယ်ရာများစွာပင် ကျန်ရှိနေပေသေးသည်။

သို့ရာတွင် အမျိုးသမီးများအဖို့ မယားကောင်းဖြစ်နိုင်ရန် ကျင့်ဝတ် တာဝန်များနှင့် အိမ်ရှင်မအတတ်ပညာဖြစ်သော ချက်ပြုတ် လျှော်ဖွပ် ပြုစုစီမံခြင်း၊ ကလေးပြုစုထိန်းသိမ်းခြင်း၊ သိမ်းဆည်းချုပ်လုပ်ခြင်း၊ ပေါင်းသင်းဆက်ဆံရေးမှစ၍ အသိပညာအရပ်ရပ် လိုအပ်သည်ကို အများအားဖြင့် အလိုအလျောက်ပြည့်စုံရမည့် အရည်အချင်းအဖြစ် ယူဆ ထားကြလျက် တသီးတသန့်ညွှန်ကြားသွန်သင်ပညာပေးချက်များ အတော်အတန် ပေါ်ထွက်လျက်ရှိစေမူ လင်တော်လင်ကောင်းတို့အတွက် သွန်သင်ချက်များကား လိုလျက်ပင် ရှိလေသည်။

လင်တော်လင်ကောင်းတို့သည် အရည်အချင်း၊ စွမ်းဆောင်အား ထုတ်မှု၊ ကျင့်ဝတ်၊ သိမြင်သဘောထားဆက်ဆံမှုစသော အင်္ဂါရပ်များ နှင့် ပြည့်စုံရမည်ဖြစ်ရာ မည်သို့လျှင် ယောကျ်ားတိုင်းသည် လင်တော် လင်ကောင်း အနာဂတ် သခင်လောင်းများဖြစ်လာရန်နှင့် လင်တော် လင်ကောင်းသည် မည်သို့သော ခရီးလမ်းဖြင့် စခန်းသွားအပ်သည်တို့ကို ထုတ်ဖော်ညွှန်ပြနိုင်မှသာလျှင် လင်တော်လင်ကောင်းများ တိုးတက် များပြားနိုင်လိမ့်မည်ဖြစ်လေသည်။ သို့မှလည်း အိမ်ထောင်ရေးလောက

mgyoe.com

mgyoe.com


သည် သာယာစိုပြည်လျက် လူ့လောကလည်း တိုးတက်ထွန်းကားလိမ့်မည် ဖြစ်ပေသည်။

ထို့ကြောင့်ပင် လင်တော်လင်ကောင်း ဖြစ်စဉ်နှင့်ကျင့်စဉ်အဖြစ်သိမှတ်ဆင်ခြင်အပ်သမျှကို သိမှတ်ဆင်ခြင်နိုင်စေရန် ဤစာစောင်ငယ်ကိုရေးသားပြုစုရပေရာ များလှစွာသော အိမ်ထောင်ရေးကျမ်း–အချစ်ကျမ်းကာမကျမ်းများအလယ်၌ ထာဝစဉ် မရိုးနိုင်သော ပေါင်းသင်းဆက်ဆံရေးနီတိကျမ်းတစ်ရပ်အဖြစ်ဖြင့် အမျိုးသား–အမျိုးသမီးနှစ်ရပ်လုံးအတွက် အကျိုးပေးစွမ်းနိုင်လိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် မွန်မြတ်သော စေတနာကို အကောင်အထည်ဖော်ပြလိုက်ခြင်း ဖြစ်ပေသည်။ လင်တော်လင်ကောင်းများ ပေါများအောင် ကျင့်ဆောင်ခြင်း အရေးပေးခြင်း စသည်ဖြင့် ဆောင်ရွက်အားထုတ်နိုင်ကြပါစေသတည်း။

❐

mgyoe.com

mgyoe.com

## အိမ်ထောင်ရေးအမြင်

အိမ်ထောင်ရေးသည် လောကသားတို့၏ ခရီးတံခါးဝပင် ဖြစ်လေသည်။ လူ့လောက၌ ဖွားမြင်မြောက်သည်မှစ၍ ဖြည့်တင်းဆောင်ရွက်ခဲ့သမျှမှာ တစ်အိုးတစ်အိမ်ဖြင့် ဘဝသစ်ကို ဦးဆောင်ထူထောင်ရေး အဆင့်သို့ရောက်မှ တကယ့်ခရီးလမ်းမကြီးသို့ဆိုက်ရောက်ခြင်း ဖြစ်လေသည်။ ထိုအဖြစ် ထိုအဆင့်ကို ရည်မှန်း၍ ကြိုးစားဆောင်ရွက်ကြသည်သာဖြစ်၍ "အိမ်ထောင်" သည်သာ ကျပ်ပြည့်လူ့ဘဝလောက ဖြစ်လေသည်။

သို့ဖြစ်ရာ အကြင်လုလင်ပျို၏ အန္တိမဘဝ–နောက်ဆုံးအဆင့်သည် အိမ်ထောင်သည် လင်ယောကျ်ားပင်ဖြစ်ရမည်ဖြစ်ရာ ထိုဘဝတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် အသင့်ပြင်ဆင်မှုရှိရန် လိုပေသည်။

ထိုသို့လုလင်ပျို၏ ကြိုတင်ပြင်ဆင်မှု လိုအပ်ချက်အဝဝတွင် မိမိ၏ အရည်အချင်းကောင်းရှိရန် မိမိအလိုကျ အရည်အချင်းရှိ မယားကို ရွေးချယ်ရန်တို့ထက် ရှေးဦးစွာ အိမ်ထောင်ရေးကို အမြင်မှန်သဘောပေါက်ရန် လိုပေသည်။

အိမ်ထောင်ရေးသည် ကာမစည်းစိမ်ခံစားမှုဟူ၍ သဘောထားပါမူ အကြောင်းရင်းမှန်မည် မဟုတ်ပေ။ ထိုမမှန်သောအကြောင်းကြောင့်

mgyoe.com

mgyoe.com


ကြိုတင်ပြင်ဆင်မှုသည်လည်း လိုအပ်သလိုပြည့်မြောက်မည် မဟုတ်ပေ။ စည်းစိမ်ခံစားမှုမှာ အစိတ်အပိုင်းမျှသော ရေးရာသာဖြစ်လျက် အိမ်ထောင်ရေးသည် တစ်သမတ်တည်းသော ဘဝအခြေစိုက်တည်ရေးသာဖြစ်သည်ကို သဘောပေါက်ရပေမည်။

အိမ်ထောင်ရေးဘဝတွင် မိမိအစွမ်းဖြင့် အိမ်ထောင်၏အရေးအရာတာဝန်များကို ထမ်းဆောင်ရပေမည်။ သူတစ်မိးတစ်ဦး၏ အကူအညီကို ရယူလျက် ရင်းနှီးစွာယုံမှတ်ဆက်ဆံရပေမည်။ အနာဂတ်ဘဝရေးရာများအတွက်ပြင်ဆင်ရပေမည်။ လောကဝတ်ကို ထမ်းဆောင်ရပေမည်။

ဤကိစ္စများသည် သေးငယ်သောကိစ္စ မဟုတ်ပေရာ။ အချစ်နှင့် ကာမကို အရင်းခံ၍ အိမ်ထောင်မှုတာဝန်ကိုထမ်းရွက်ရာတွင် အငိုလွယ်၍ အရှိုက်ခက်ရသည်များရှိလေသည်။

ကာမသုခသည် အိမ်ထောင်၏သုခရှိမှသာ ပြည့်ဝနိုင်ပေရာ၊ လုလင်ပျိုဘဝမှ မျှော်မှန်းတွေးခေါ်ချက်သည် လက်တွေ့အားဖြင့် တစ်လွဲစီ ရေချိန်မကိုက်ဘဲ ရှိတတ်လေသည်။ ထိုသို့ မလွဲရန်မှာ အိမ်ထောင်၏ သုခ၊ ဒုက္ခ၊ တာဝန်အလုံးစုံကို ကြိုတင်မျှော်ခေါ်ရမည် ဖြစ်လေသည်။

အရွယ်ရောက်လာလျှင် အချစ်စိတ်၊ တဏှာစိတ် နိုးကြွမြဲပင် ဖြစ်လေသည်။ သို့ရာတွင် အရွယ်ရောက်သူတိုင်း မျက်ကန်းတောတိုး မဟုတ်ခဲ့သော်... အိမ်ထောင်ဝန်ကို အလွယ်တကူမထမ်းဆောင်ရဲကြပေ။ အိမ်ထောင်မှုသည် ဒုက္ခမုန်တိုင်းကြားမှ သုခသာဖြစ်လေသည်။ အိမ်ထောင်၏ နောက်၌ ကျင့်ဆောင်အားထုတ်၊ ကြိုးစားဖွယ်တာဝန် များကပ်ပါလျက် ရှိလေသည်။ ထိုကြောင့် လင်ဘဝကိုကူးတော့မည်၊ ဝါ အိမ်ထောင်ဝန်ထမ်းတော့မည်ဟု စိတ်ပိုင်းဖြတ်မိသည်နှင့် တစ်ပြိုင်နက် အိမ်ထောင်ရေးသည် ချစ်ရေးကြင်ရေးသာမက လူမှုရေး၊ ဘဝတည်တံ့ရေး၊ တာဝန်ပိုမိုကြီးလေးလာသည်ကို သိနားလည်ဆင်ခြင်တတ်ရန် လိုလေသည်။

mgyoe.com

mgyoe.com


အိမ်ထောင်သည်ဘဝတွင် မိဘ၏အယုအယ အထောက်အပံ့ရသောဘဝ၊ ထင်သလိုကျင့်ကြံနေထိုင်သောတစ်ဦးချင်းဘဝ၊ လောကအပူအပင် ဒုက္ခသုက္ခကို ကိုယ်တိုင်ရင်ဆိုင်မဖြေရှင်းရသေးသော ဘဝ၊ တာဝန်အချုပ်အနှောင်သံယောဇဉ်ကင်းမဲ့သော ဘဝတို့နှင့်မတူတော့ဘဲ ဘဝသစ်တစ်ခုသို့ တိုးဝင်လာရမည်ကိုလည်း နားလည်ရပေမည်။

အိမ်ထောင်မှုသည်အစကောင်းမှ အနှောင်းသေချာမည့်ဘဝခရီးလမ်းရွေးပွဲပင်ဖြစ်ရာ၊ အပြုပြင်အပြောင်းလဲမလွယ်သည့်အတိုင်းလည်း ကြိုတင်ချိန်ဆလျက် ထိုတာဝန်ကို နိုင်မနိုင်ချင့်ချိန်ရမည်ဖြစ်လေသည်။ နောင်ခါဈေး သဘောထားလျှင် အရှုံးလောကဌ်သာ အလူးအလိမ့် ခံရလိမ့်မည်ဖြစ်ရာ၊ တာထွက်ကောင်းရန် အထူးလိုပေသည်။ အင်အားဖြည့်တင်းရန်၊ ကြိုတင်မျှော်မှန်းရန်၊ ရဲရင့်သတ္တိရှိရန်၊ လောကဓံကို ကြံ့ကြံ့ခံနိုင်ရန်၊ အခက်အခဲကို ထိုးခွင်းနိုင်သော ဖွဲ၊ လုံ့လရှိရန်လည်း အထူးလိုပေမည်။

စင်စစ် အချစ်ရေးကိစ္စသည်လည်း အိမ်ထောင်၏ ပြည့်တင်းချမ်းမြေ့မှုရှိမှ အစဉ်သုခရနိုင်မည်သာဖြစ်ရာ၊ တစ်ဖက်တည်း၌သာ အမြင်မသန်ဘဲ ချင့်ချိန် စဉ်းစားတတ်ပါမှ အလွယ်တကူ ဆောင်ရွက်နိုင်လိမ့်မည် မဟုတ်ပေ။ ထိုသို့ အိမ်ထောင်ဘဝ၏ရေးရာကို အမြင်မှန်ဖြင့် ကြိုတင်သိမြင်ခဲ့မှသာ လင်တော်လင်ကောင်းအဖြစ် ဖြည့်ကျင့်နိုင်မည် ဖြစ်ပေသည်။

အိမ်ထောင်၏ ဆက်ဆံရေးသည် ချစ်သူ၊ သို့မဟုတ် ချစ်ရမည့်သူနှင့် ဆက်ဆံရေးပင် ဖြစ်သည်။ မှန်သော်လည်း ထိုချစ်သူ၊ ချစ်ရမည့်သူသည် သူ့ပင်ကိုစိတ်ဓာတ် အမူအရာအလေ့အလာအစွဲထုံရင်းဖြစ်သော သူတစိမ်းတစ်ဦးနှင့် ဆက်ဆံရေးဖြစ်သည်ကိုလည်း သတိမမေ့သင့်ပေ။ အချစ်မခိုင်မြဲမီ အချစ်ကို သွေးငင်သော ဟန်ဆောင်မှုအကြိုက်ဆောင်မှု

mgyoe.com

mgyoe.com


အပေါ်ယံအရေများ ကျွတ်ကွာသွားမည့် ချစ်ဖော်နှင့် ဆက်ဆံရမည်ကို လည်း ကြိုတင်သတိရှိအပ်လေသည်။

အိမ်ထောင်သည်ဘဝတွင် ကိုယ်စိတ်သက်သာမှုသုခပိုမိုလာ သလောက် မိမိတာဝန်ပိုထမ်းဆောင်ရမည်ကိုလည်း နားလည်ရပေမည်။ အိမ်ထောင်ရေးကို ပေါ့ပေါ့ဆဆ သာမန်ထင်မြင်သဘောထားလျှင် ကား... နှောင်းသောနောင်တသာလျှင် ရပေလိမ့်မည်။

ထိုသို့ အိမ်ထောင်ဝန်ကို သဘောပေါက်ပြီးသော်... အကြင် လင်ကောင်းသည် ထိုဝင်ရောက်အံ့ဆဲဆဲ ဘဝသစ်အသစ်အတွက် ကြိုတင်ပြင်ဆင်မှုပြုရပေလိမ့်မည်။ ဘဝ၏အခြေစိုက်မှန်းသိသည်နှင့် တစ်ပြိုင်နက် မိမိ၏ရေရာသော အင်အားစုများ တိုးတက်ခိုင်မြဲအောင် စိုင်းပြင်းရပေလိမ့်မည်။

အိမ်ထောင် စတင်ဖွဲ့စည်းသည်တွင်လိုအပ်သော ငွေကြေး၊ ပစ္စည်း၊ ဝတ္ထုအင်အားစုများကို စုဆောင်းရှာဖွေသိုမှီးရပေလိမ့်မည်။ လောကဝတ်၊ မှတ်ကျောက်တွင် ထိုက်သင့်စွာ စံချိန်မီအောင် မိမိအင်အားကို တိုးမြှင့် မှသာ ပွဲဦးမျက်နှာပန်းလှလိမ့်မည် ဖြစ်ပေသည်။ အိမ်ထောင်ဟူသည်မှာ တစ်ချိန်တည်း တစ်ပြိုင်နည်း ပြည့်စုံကုံလုံအောင် စုဆောင်းဖွဲ့စည်းနိုင် သည်ဟူ၍ မရှိပေ။ အိမ်ထောင်သက်တစ်လျှောက် လူ့လောက၌ လိုအပ် ရာပစ္စည်းကိရိယာ အသုံးအဆောင်မှစ၍ စားဖွယ်၊ ဝတ်ဖွယ်၊ နေဖွယ် တို့ကို ဖြည့်တင်းထူထောင်ရမြဲဖြစ်လေသည်။ သို့ရာတွင် အိမ်ထောင်ကို ဗလာနတ္ထိဖြင့် စတင်ပါမူ ခရီးတစ်လျှောက် မိမိသာပို၍ ပင်ပန်းဝန်လေး ရမည့်ပြင် အခြေခံအင်အားမမြဲမှုကြောင့် ထူထောင်မှုတွင်လည်း အရှိန် အလျဉ်မရနိုင်ဘဲ ရှိပေမည်။ ထို့ကြောင့်ပင် ပကာသနဝတ္ထုပစ္စည်းနှင့် မိမိအင်အားနှင့် မထောက်မတန်သော မျက်နှာပန်းပြမှုမှအပ အိမ်ထောင်မှု လောကအတွက် လိုအပ်သော အခြေခံငွေကြေး၊ ပစ္စည်း၊ ဝတ္ထုဘောဂ

mgyoe.com

mgyoe.com


အင်အားကား အထိုက်အလျောက် ပြည့်စုံရမည်မှာ လင်ကောင်း သတို့သားတိုင်း၏ တာဝန်ပင် ဖြစ်၏။

ထို့နောက် အိမ်ထောင်ကိုဖြည့်တင်းထိန်းသိမ်းသွားရန် စွမ်းရည် ထာဝစဉ်လုံလောက်ရန်အတွက်လည်း ယောကျ်ားကောင်းတို့၏ အရည် အချင်းများ ကိန်းအောင်းစေရန် လိုအပ်ပေသည်။ ယောကျ်ားကောင်း တို့၏အရည်အချင်းသည် အိမ်ထောင်ထူထောင်ခါနီးမှ ဖြည့်တင်းရန် မဟုတ်ဘဲ ငယ်စဉ်ကပင် အဆင့်ဆင့်ဖြည့်တင်းလာရမည်ဖြစ်လေသည်။ သို့ရာတွင် အိမ်ထောင်ပြုခါနီးအချိန်တွင် ထိုဖြည့်တင်းခဲ့သော အရည် အချင်းသည် ခိုင်လုံဖြည့်တင်းလျက် အနာဂတ်ခရီးကြမ်းအတွက် ခံနိုင် ရည်ရှိပါမည်လောဟု ဆန်းစစ်ကာ လိုသောအရည်အချင်းကို အားသွန် ဖြည့်တင်းရမည် ဖြစ်လေသည်။

□

mgyoe.com

mgyoe.com

## ယောက်ျားကောင်းတို့ အရည်အချင်း

ယောက်ျားကောင်းတို့ အရည်အချင်းသည်ကား... အလွန်ပင် များပြား သော်လည်း အချုပ်အားဖြင့် ကာယဗလ၊ ဉာဏဗလ၊ မိတ္တဗလ၊ စာရိတ္တ ဗလ၊ ဘောဂဗလ စသော အားငါးပါးသာလျှင် ဖြစ်လေသည်။

ထိုအရည်အချင်းတို့သည် အိမ်ထောင်သည်လောကသို့ ဝင်သည် ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ယောက်ျားတိုင်းအတွက် အခြေခံရှိသင့်သမျှ လိုအပ်၏။ ပို၍ထူးချွန်လိုလျှင် ရှိသင့်သည်ထက် ပို၍ပို၍ ထိုအားများ ကို ဖြည့်တင်းရမည်သာဖြစ်လေသည်။ သို့ရာတွင် အိမ်ထောင် ဝန်ကို ထမ်းရမည့်သူအတွက်ကား ပို၍ ပြည့်စုံရန်လို၏။ ထိုအားငါးပါးနှင့် ပြည့်စုံမှသာ လောက၏အကျိုးအခွင့်ကို ကျပ်ပြည့်ခံစားနိုင်၍ လောကကို လည်း အကျိုးပေးနိုင်စွမ်းမည် ဖြစ်၏။ ထိုအရည်အချင်းကား ယောက်ျား များအတွက်သာမဟုတ် မိန်းမများအတွက်လည်း ပြည့်စုံရန်လိုသည်သာ ဖြစ်၏။ သို့ရာတွင် အမှီအခိုပြုရသည်မဟုတ်ဘဲ အမှီအခိုခံရမည့်

mgyoe.com

mgyoe.com

လင်လောင်းတို့မှာ ထိုငါးပါးစလုံးတတ်နိုင်သမျှ ဖြည့်တင်းရန် ပို၍ လိုအပ်သည်ဟုပင် မှတ်ယူရ၏။

မယားကောင်းသည် သိမြင်လိမ္မာသူဖြစ်ခဲ့လျှင် လင်၏အပေါ်တွင် အားတစ်ရပ်ရပ်တောင့်တင်း၍ ကျန်းမာအားဆုတ်ယုတ်သူတို့ထက် အားအဘက်ဘက်ညီမျှပြည့်တင်းသူကို မြတ်နိုးပေလိမ့်မည်။ ထိုအားများမှာ တစ်ခုနှင့်တစ်ခု ဆက်စပ်မှီတွယ်နေပေရာ၊ ကာယဗလကောင်းသူ၊ ဉာဏဗလကောင်းသူ၊ ဘောဂဗလကောင်းသူ–စသော တစ်ဖတ်သတ်ထူးချွန်သူတို့မှာ ကျန်အင်အားချို့တဲ့က တစ်ဖက်ချွန်သက်သက် ရပ်ပြမှုသာတန်ဖိုးရှိ၍ တကယ့်လူ့လောကအိမ်ထောင်အတွက် အသုံးမတွင်ကျယ်နိုင်ပေ။ အိမ်ထောင်ရေးတွင် အားငါးပါးလုံးအသုံးချရမှ ပြေလည်တိုးတက်နိုင်မည်ဖြစ်ရာ၊ တစ်ဖတ်သတ်မျှ ပြည့်စုံခြင်းသည် အိမ်ထောင်၏ ရာနှုန်းပြည့်ချမ်းမြေ့မှုကို မပေးစွမ်းပေ။

ထိုမှတပါးအခြားဘက်မှ အထောက်အကန်မရှိသော တစ်ဖက်သတ်ထူးချွန်ပြည့်စုံခြင်းမှာကြာရှည်ခိုင်ခံ့နိုင်ခြင်း မရှိပေ။ အောက်ခြေမခိုင်ပေ။ ကျန်အားတစ်ခုမှ ကင်းသောအားတစ်ခုသည် အထီးထည်း မဖွံ့ဖြိုးမတိုးတက်သည်သာ မဟုတ်သေး၊ ထာဝစဉ်မရပ်တည်နိုင်သော အာဂန္တုကယာယီအားမျှသာ ဖြစ်လေသည်။ ကျန်းမာ၍ ပစ္စည်းမရှိလျှင် ထိုကျန်းမာရေးကို မည်သို့မျှ အားမပြုနိုင်ပေ။ ပစ္စည်းရှိ၍ ဉာဏ်မရှိလျှင်လည်း တည်မြဲရန်၊ တိုးတက်ရန်၊ ဆောင်ရွက်အားမရှိပေ။ ဉာဏ်ရှိ၍ မကျန်းမာလျှင်လည်း ဉာဏ်စေအားနိုင်ခွင့်အရာ မရောက်ပေ။ ထိုနည်းနှင်နှင် အားတစ်ရပ်ကိုတစ်ရပ် ကျေးဇူးပြုရာ၊ တစ်ဖက်သတ်ထူးချွန်မှုမှာ အိမ်ထောင်သည်လောကအတွက် မက်လုံးမဟုတ်ပေ။

ဗလငါးတန်ထူးချွန်တိုးတက်လျှင်ကား အကောင်းဆုံးဖြစ်၍ အရှားဆုံး လည်း ဖြစ်၏။ သို့ရာတွင် တစ်ဖက်သတ်၌ အလေးသာမှုကား

mgyoe.com

mgyoe.com


ရှိနိုင်၏။ ကျန်အားများအသင့်အတင့် ပြည့်စုံလျက် အားတစ်ခုခုတွင် ပို၍ ပြည့်စုံခြင်းကား အပြစ်မဆိုသာပေ။ သို့ရာတွင် ထိုငါးတန်လုံး ထိုက်တန်သမျှ မပြည့်ဝဘဲ တစ်ရပ်ရပ်၌သာပြည့်စုံခြင်းမှာ အလိုမရှိအပ်ပေ။

ထိုအင်အားများကို အညီဖြည့်တင်းရန် လိုလေသည်။ တစ်ဖက်တွင်မျှ မချို့ယွင်းအောင်အစဉ် မိမိကိုယ်ကိုယ် သုံးသပ်စစ်ဆေးလျက် လိုသောအားကို ဖြည့်တင်းရပေမည်။ အားအညီဖြည့်တင်းရာတွင် တစ်ဖက်သတ် တစ်နေ့ရာတည်း ဖြည့်တင်းသည်လောက် တိုးတက်ပြည့်စုံခြင်းကား ရှိမည်မဟုတ်ပေ။ သို့ရာတွင် ထိုသို့ ဘက်ညီလှမ်းညီ တိုးတက်မှုမှာ အထူးချွန်ဆုံးအဆင့်သို့မရောက်စေကာမူ မြင့်တက်လာရာအဆင့်တိုင်း၌ ထိုက်သည်အားလျော်စွာ အိမ်ထောင်မှု၌ အသုံးချနိုင်အောင် အရာရောက်မည်ဖြစ်လေသည်။ တစ်ဦးနှင့်တစ်ဦး အနိမ့်အမြင့်ချင်း မတူစေကာမူ ကွင်းလုံးကျွတ်ဗလငါးတန် စုံညီမြင့်တင်ရာတွင် လမ်းစဉ်မှန်ကန်သည့်အလျောက် အကျိုးထိရောက်မှုကား မည်သည့်အခါမျှ ယုတ်လျော့မည် မဟုတ်ပေ။

ထိုသို့အားစုံညီဖြင့် ဖြည့်တင်းကျင့်ဆောင်ရာတွင် မယားလောင်း၏အမြင်နှင့် မြတ်နိုးမှုအားဖြင့် တိုက်ဆိုင်ကောင်းမှ တိုက်ဆိုင်ပေမည်။ သူမသည် ကာယဗလကိုသာလည်းကောင်း၊ ဉာဏဗလကိုသာလည်းကောင်း၊ ဘောဂဗလကိုသာလည်းကောင်း၊ အသီးသီးတပ်မက်မှုရှိကောင်းရှိပေမည်။ သို့ရာတွင် သူမ၏တပ်မက်မှုသည် ဘဝ၏အလိုအသုံးနှင့် လက်တွေ့ရင်ဆိုင်ရသောအခါတွင် အမြင်မှန်သို့ပြောင်းလဲ၍ အားအဘက်ဘက်မှ စုံညီပြည့်ဝမှုတန်ဖိုးကို မြတ်နိုးတတ်လာပေလိမ့်မည်။

အကြောင်းအမျိုးမျိုးကြောင့် မက်လုံးရှိရာ အားတစ်ရပ်ကိုသာ မြှင့်တင်ပျိုးထောင်ရစေကာမူ ဗလငါးတန်လုံး ပြည့်ဝစေရမည်ဟူသော ပကတိ မျှော်မှန်းချက်သည် ယောကျ်ားတိုင်း၌ ရှိရပေမည်။ ၎င်းသာ

mgyoe.com

mgyoe.com

လျှင် ပကတိအရည်အချင်းစစ်ဖြစ်ရာ၊ မိမိကိုယ်ကို ချစ်မြတ်နိုး၍ မိမိ အရည်အချင်းစစ်ကို လိုလားပါမှ ထိုရည်ရွယ်ချက်နှင့် မကင်းကွာအပ်ပေ။

လူတစ်ယောက်အနေဖြင့် လိုအပ်သော အရည်အချင်းသည် အိမ်ထောင်သည်တို့အတွက် လိုအပ်သည်သာဖြစ်၍ ထိုအရည်အချင်း ကိုလည်း အဆုံးအပိုင်းအခြားသတ်မှတ်၍ မရပေရာ အရည်အချင်း ပြည့်နိုင်လေ ကောင်းလေသာ ဖြစ်၏။ သို့ရာတွင် အနည်းဆုံးပြည့်စုံ ရမည့် စံချိန်အမှတ်နှင့် ကိုက်ညီပြည့်ဝရန်လိုအပ်ပေရာ အိမ်ထောင်သည် ဘဝကိုဝင်မည့် အကြင်ယောကျ်ားသည် ဗလငါးတန်တွင် ထိုအနည်းဆုံး အရည်အချင်း မုချရှိမှသာ သက်လုံကောင်းလိမ့်မည်ဖြစ်ပေသည်။

ကာယဗလ ကိုယ်ကာယဖွံ့ဖြိုးသန်မာ၍ အင်အားပြည့်တင်းနိုင် လေကောင်းလေသာ ဖြစ်၏။ သို့ရာတွင် အနည်းဆုံးအရည်အချင်းသည် အရွယ်ရောက်သော လူတန်းစေ့အရပ်အမြင့် ကိုယ်အတိုင်းအထွာ အလေးချိန်နှင့် ပြည့်စုံရမည်ဖြစ်လေသည်။ ဤတွင် ဥပမိချို့ငဲ့၍ဖြစ်စေ၊ ဒဏ်ရာအနာတရ ခံစားရ၍ဖြစ်စေ၊ အခြားအကြောင်းများကြောင့် မပြည့်မိနိုင်ခြင်းကို အပြစ်ဆို၍ မဖြစ်ပေ။ ခြွင်းချက်ထားရပေမည်။ သို့ရာ တွင် လင်နှင့်မယားသည် ပွဲလမ်းသဘင်သွားလာမှုကစ၍ လောက တာဝန်များကို ထမ်းဆောင်ရာ၌ ယောကျ်ားပီသသော ကိုယ်အင်္ဂါ မိန်းမ ပီသသော ကိုယ်အင်္ဂါနှင့်ပြည့်စုံမှ မားမတ်စွမ်းဆောင်နိုင်မည် ဖြစ်လေ သည်။

မိမိကိုယ်အင်္ဂါသည် တစ်ဖက်ဖက် တစ်နည်းနည်း ချို့ယွင်းချက် ရှိပါမူ ပြုပြင်မရစွမ်းသည်မှအပ၊ ပြုပြင်နိုင်သမျှကို ပြုပြင်ရပေမည်။ ကိုယ်အင်္ဂါအချိုးအဆစ် မျှတစေရန် အသားအရေ ကောင်းမွန်စေရန် ကိုယ်လက်ဖွံ့ဖြိုးလှပစေရန် တစ်နည်းနည်းသော လေ့ကျင့်ခန်း လိုက်နာ ကျင့်ဆောင်မှု ရှောင်ကြဉ်မှု ဆေးဝါးဓာတ်စာလက်လှမ်းမီရာနည်းဖြင့်

mgyoe.com

မဆုတ်မနစ်ပြုပြင်ရပေမည်။ လုပရန် မလိုသော်လည်း တင့်တယ်ရန်ကား ယောကျ်ားတိုင်းအတွက် လိုပေသည်။

အကြားအမြင် ဗဟုသုတ ပြည့်စုံကြွယ်ဝခြင်းသည် များစွာ အထောက်အပံ့ပေးနိုင်ပေသည်။ ထိုသို့ကိုယ်အင်္ဂါဖွံ့ဖြိုးမားမတ်ရုံသာ မက ကူးစက်တတ်သော·ရောဂါအမြစ်တွယ်သော ရောဂါ၊ မျိုးရိုးစဉ်ဆက် ထိခိုက်စေသောရောဂါများမှ ကင်းစင်လျက် နေ့စဉ်အဖို့လည်း ဘေးဥပါဒ် အနာရောဂါမကပ်ရောက်နိုင်အောင် ကျန်းမာရေးနည်းလမ်းများကို ဆည်းပူးမှတ်သားလိုက်နာကျင့်ဆောင်ရန် လိုပေသည်။

စားသောက်မှု၊ ဝတ်ဆင်မှု၊ နေထိုင်မှုမှစ၍ ကျန်းမာရေးနှင့် ညီညွတ်စွာ သန့်ရှင်းသေသပ်ကျနစွာ ဆောင်ရွက်၍ပြုစုမှု ကုသမှု၊ ရှောင်မှု ဆောင်မှုများကို နားလည်လိုက်နာရန်လည်း လိုလေသည်။ စားသောက်မှုတွင် အာဟာရဖြစ်မှု ဓာတ်အားဖြည့်မှု ကုသမှုများနှင့် စပ်ဆိုင်ရ အရသာ အစာကျေကျက်မှုအကျိုးသွားနှင့် စပ်ဆိုင်ရာတို့ကို လည်း သိမှတ်ရန် လိုလေသည်။ အဝတ်အစားတွင်လည်း အပူအအေး အချိန်အခါ အဆင်အပြင် သန့်ရှင်းသေသပ်မှုမှစ၍ အစစနားလည် သိမှတ်ရန် လိုလေသည်။

ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် နေ့စဉ်လိုက်နာ ဆောင်ရွက်ဖွယ်တို့ ကား များပြားလှပေရာ စာအုပ်စာတမ်းများနှင့် ဆင်ခြင်ဉာဏ်စွမ်းအား ဖြင့် ဖြည့်တင်းနိုင်သည်သာ ဖြစ်လေသည်။ ရောဂါဘယကင်းရှင်း၍ ကျန်းမာရွှင်လန်းစွာ ရှိခြင်းသည် ကာယဗလအင်အားပင် ဖြစ်လေသည်။ ထိုအင်အားသည် အခြေခံဖြစ်၍၊ ကျန်းမာခြင်းဖြင့် ကိုယ်ကာယဖွံ့ဖြိုးမှု အခက်အခဲ အပင်ပန်းခံနိုင်သော စိတ်ဓါတ်ပေါက်ပွားရာ အားခွန်များ လည်း တိုးပွားနိုင်သည့်သာဖြစ်ရာ ထိုအခြေခံအားစုကို လျစ်လျူရှု၍ မဖြစ်ပေ။

mgyoe.com

အချုပ်အားဖြင့် ကျန်းမာရွှင်လန်းလျက် ခွန်အားပြည့်ဖြိုးခြင်းသည် ကာယဗလပင်ဖြစ်ရာယောကျ်ားတိုင်းသည် ထိုကာယဗလနှင့် ပြည့်စုံရန် လိုလေသည်။

ဉာဏဗလ။ ပညာဗဟုသုတ အရည်အချင်း ဘွဲ့ထူးဂုဏ်ထူး ထက်မြက်ကျွမ်းကျင်မှုရှိလေ ကောင်းလေသာ ဖြစ်လေသည်။ သို့ရာတွင် ထိုမျှထိုရွေ့ မပြည့်စုံနိုင်စေကာမူ အနိမ့်ဆုံး ပညာဉာဏ်အဆင့်အတန်းနှင့်ကား ပြည့်စုံရပေလိမ့်မည်။ အင်အားထိုက်လျော်အောင်မရှိဘဲ အိမ်ထောင်ဝန်ထမ်းလျှင် မာန်ကြီးသောခါချဉ်နှင့်သာ တူပေလိမ့်မည်။

လူတို့အတွက် အဓိကဉာဏ်ပညာသည် အမှားအမှန်အကောင်းအဆိုးကို ခွဲခြမ်းဝေဖန် ဆင်ခြင်တတ်မှုပင် ဖြစ်လေသည်။ ထိုသို့ ဆင်ခြင်ဉာဏ် ပြည့်ဝရင့်သန်စေရန်အတွက်ပင် ဗဟုသုတအမျိုးမျိုးကို ဆည်းပူးဖြည့်တင်းရလေသည်။ ဗဟုသုတရလေ ဉာဏ်အသုံးရလေသာ ဖြစ်၏။ ထို့ပြင်မက ဆင်ခြင်ဉာဏ်အပြင် မှတ်ဉာဏ်၊ ထိုးထွင်း ကြံဆဉာဏ်တို့ကိုလည်း အလေ့အကျင့်အားဖြင့် ၎င်းမြှင့်တင်ဖြည့်သွင်းရမည်ဖြစ်၏။ ထိုဉာဏ်ရည်နှင့် အသိအမြင်တို့ကို စုစည်းအမြတ်ထုတ်ခြင်းဖြင့် နှုတ်မှုလက်မှုစသော အသက်မွေးဝမ်းကျောင်းပညာ၊ လူ့လောကဆက်ဆံရေး အသိအလိမ္မာ၊ တာဝန်နှင့် ကျင့်ဝတ်စသည်တို့ကို တတ်မြောက်နားလည်လာကြရလေသည်။

ထို့ကြောင့် ဉာဏဗလမြှင့်တင်နည်း မြှင့်တင်ရန်အခြေခံအားစုတို့ကို သိမြင်နားလည်ရန် လိုလေသည်။ ဉာဏ်အားဖြည့်ရန်အတွက် လောကရေးရာတွင် အသုံးချနိုင်လောက်သော တိုင်းရင်းသားဘာသာ စာကိုတတ်ကျွမ်းရမည်ဖြစ်လေသည်။ စာတတ်သည် မည်ကာ မတ္တမျှဖြင့် မလုံလောက်ပေ။ စာပေပြုစုနိုင်အောင် တတ်ကျွမ်းရန်မလိုစေကာမူ လောကရေးရာဟူသမျှတွင်... ဖတ်နိုင် ရေးနိုင် ဖော်ပြနိုင်စွမ်းသော စာပေ

mgyoe.com

mgyoe.com


တတ်မြောက်မှုရှိရပေမည်။ စာပေမြင့်မှ လူ့လောကအသိပညာရပ်များကို ထုတ်ယူရရှိနိုင်သည်ကိုလည်း သဘောပေါက်ရပေမည်။

အိမ်ထောင်မှုဖြင့် လူ့ပေါင်းသင်းဆက်ဆံရေးနှင့် သက်ဆိုင်ဆက်စပ်ရာ၊ အသိအမြင် ဗဟုသုတ (ဝါ) ပြည်သူ့နီတိကို ပေါက်မြောက်နားလည်လျက် အရေးအရာ အခါအခွင့်ကို ဆင်ခြင်တိုင်းထွာတတ်ရပေမည်။ မိမိက လှည့်စားလိမ်လည်ခြင်းမပြုစေကာမူ မိမိအား လှည့်စားမှုကို အကင်းပါးလျက်၊ အကျိုးအကြောင်းကို ယထာဘူတကျအောင် ဆင်ခြင်တတ်ရပေမည်။

အကြောင်းမဲ့ အယူစွဲလမ်းမှု၊ ဥပါဒါန်ဝင်မှုများကင်းစင်လျက် ဆင်ခြင်တုံတရားနှင့် ကြည့်တတ်မြင်တတ် ယူဆတတ်ရပေမည်။ စင်စစ် ဤအရည်အချင်းများကို ကိုယ်တိုင်ပြည့်ဝအောင်သာ ကြိုးစားရပေမည်။ ဘွဲ့ထူးဂုဏ်ထူးအရည်အချင်းမျိုးကို မပယ်ထိုက်စေကာမူ ပင်ကိုအရည်အချင်းနှင့် မကွဲပြားသော ဘွဲ့-ဂုဏ်တို့သာလျှင် လိုအပ်လေသည်။ ထိုက်တန်ခြင်းမရှိအောင် ပင်ကိုညံ့ဖျင်းနေပါမူ ဘွဲ့-ဂုဏ်သည် မိမိ၏ အရှက်ခွဲဆေးသာဖြစ်ရာ၊ ကိုယ်ရေးသက်လုံကောင်းတို့မှာ အထူးပင် လိုလေသည်။

ဉာဏဗလအရည်အချင်းကို အရာအထူးအမည်အရည်ဖြင့် တန်ဖိုးမဖြတ်နိုင်ပေ။ အရေးအရာအခွင့်အခါဟူသော ပြဿနာဖြင့်သာ မှတ်ထင်၍ ဆုံးဖြတ်ရသည်ဖြစ်ရာ၊ တကယ့်ပွဲတွင် တကယ်နွဲနိုင်မည့် အသိပညာကျွမ်းကျင်မှုရှိရန် လိုလေသည်။ အသိနောက်မကျ၊ အတတ်နောက်မကျဘဲ လက်လှမ်းမီရာ ပညာရပ်များကို ဆည်းပူးသိမှီးရမည်ဖြစ်လေသည်။ မိမိ၏ဉာဏ်ပညာကို ပိုလွန်အထင်မကြီးဘဲအစဉ်လှန်လှောသုံးသပ်ကာ လိုရာဘက်မှ ဖြည့်တင်းရပေမည်။

ကျောင်းပညာသည် ပညာစစ် မဟုတ်ပေ။ ပညာစစ်သို့ကူပို့ရာ

mgyoe.com

mgyoe.com

တံတားပင်ဖြစ်၍ မိမိတို့စွမ်းအား ကြိုးပမ်းမှုအလျောက် ပညာတတ်မြောက်ရပေမည်။ သို့ဖြစ်ရာ အိမ်ထောင်သည်ဘဝနှင့် ကျောင်းသားဘဝသည် အလွန်အလှမ်းကွာ ပြတ်လပ်လျက်ရှိ၍ ပညာလောကသည်သာ အိမ်ထောင်ဘဝနှင့် ဆက်စပ်တည်နေပေသည်။ သို့ရာတွင် ကျွမ်းကျင်တတ်သိမှုပညာအရည်အချင်းလည်း လိုပေရာ၊ ထိုနှစ်ရပ်သည်သာ ဉာဏဗလအားကို ဖန်တီးနိုင်ပေသည်။

ဉာဏဗလ၏အပိုင်းအခြားဖြည့်တင်းရန် နည်းအသွယ်သွယ်ကားကျယ်ဝန်းလှပေရာ။ အခြေခံဖြစ်သော တတ်ခြင်း၊ သိခြင်းနှစ်ပါးနှင့် ပြည့်စုံရမည်ကိုသာ စွဲပိုက်လျက် တိုးတက်နိုင်သလောက် ဖြည့်သွင်းဆောင်ရွက်ရမည်သာ ဖြစ်လေသည်။

အိမ်ထောင်ဝန်ကိုထမ်းဆောင်ရာတွင် ဉာဏဗလသည် လက်ချောင်းကလေးတစ်ခုသဖွယ်ဖြစ်၍ ကျန်လက်ချောင်းလေးချောင်းနှင့် အတူ အိမ်ထောင်ဝန်ကို ထမ်းဆောင်ထူထောင်ရာ၌ အစွမ်းထက်မြက်လှသည်သာ ဖြစ်ပေ၏။

**စာရိတ္တဗလ။** စာရိတ္တဗလသည် လူတို့၏ အမြုတေပင်ဖြစ်၏။

စာရိတ္တမှာအရိယာသူတော်စင်အဖြစ်မှ နိဗ္ဗာန်သို့ရောက်သည်အထိမကောင်းမှုတရားကို အစွန့်ပယ်နိုင်ဆုံး အပိုင်းအခြားအားဖြစ်ပင် သတ်မှတ်နိုင်၏။ သို့ရာတွင် အကျဉ်းအနည်းဆုံးအားဖြင့် သူတစ်ပါးအကျိုး၊ မိမိအကျိုးပျက်စီးစေမည့်မကောင်းသော အပြုအမူ၊ အပြောအဆိုစိတ်နေစိတ်ထားကို ပယ်ဖျောက်ခြင်းပင် ဖြစ်၏။ ရိုးသားဖြောင့်မတ်ခြင်းဟူ၍လည်း ဆိုနိုင်၏။ စာရိတ္တကောင်းခြင်း၏အကျိုး၊ အထူးချဲ့ထွင်ဖော်ပြရန် ပြည့်စုံနိုင်မည် မဟုတ်ပေ။ သို့ရာတွင် စာရိတ္တကောင်းခြင်းသည် လူ့လောက၏အပြစ်ကို ဖျောက်ပယ်ပေးနိုင်စွမ်းပင်

mgyoe.com

mgyoe.com


ဖြစ်၍ လူတိုင်း အိမ်ရှင်ယောကျာ်းတိုင်းတို့အတွက် အရေးကြီး၏။ စာရိတ္တသည် လူကို အဆိုးအကောင်းနှစ်ဖက်သို့အလွယ်နှင့် ယိမ်းယိုင်စေသော ချိန်ခွင်လျှာပင် ဖြစ်၏။

စာရိတ္တ၏ကောင်းခြင်းအင်္ဂါများကား သူတစ်ပါးအား သတ်ဖြတ်ညှဉ်းဆဲအနိုင်ကျင့်ခြင်းမရှိခြင်း၊ ခိုးဝှက်တိုက်ခိုက်မှုစသော အကျိုးမဲ့ကိုယ်ကျိုးမရှာခြင်း၊ သူတစ်ပါး သားမယားကျူးလွန်ခြင်းမှစ၍ အပျော်အရွှင်အလေလိုက်မှုစသော ယုတ်ညံ့မှုတို့ကိုမပြုခြင်း၊ စီးပွားပျက်စေသော လောင်းကစားမှု၊ ပိုလွန်သော ပျော်ရွှင်မှု၊ ဖြုန်းတီးမှုမပြုခြင်း၊ မဟုတ်မမှန် ကောက်ကျစ်လိမ်လည်မှု၊ ကတိမတည်မှုမရှိခြင်း၊ ယုတ်ညံ့သိမ်ဖျင်းသော အပြောအဆိုအကျိုးမဲ့ ရှုံ့ချခြင်း၊ ဆဲရေးရေရွတ်ခြင်း၊ နစ်နာပျက်စီးအောင် နှိမ်ချပြောဆိုခြင်း–စသည်မပြုခြင်း၊ သူတစ်ပါးနစ်နာပျက်စီးမှုကို မကြံစည်ခြင်း၊ မတရားမမျှတသောတပ်မက်ဆန္ဒမရှိခြင်း၊ ဒေါသ၊ မောဟ၊ မာန–စသော မလိုလားအပ်သည့်စိတ်ဓာတ်များကင်းစင်ခြင်း–စသည်ဖြင့် ကိုယ့်နှုတ်စိတ်တို့၏ကျူးလွန်မှုအရပ်ရပ်ကို ထိန်းသိမ်းစောင့်စည်းခြင်းပင် ဖြစ်လေသည်။

ထိုကျင့်ဝတ်အားလုံးကို မစောင့်စည်းနိုင်စေကာမူ အတတ်နိုင်ဆုံး စောင့်စည်းခြင်းမှာ မိမိ၏အကျိုးပင် ဖြစ်လေသည်။ စာရိတ္တဗလနှင့် ပြည့်စုံခြင်းမှာ အခြားအင်အားများပြည့်တင်းစေရန် အထောက်အပံ့ပြုနိုင်ပေသည်။ အိမ်ထောင်သည်ဘဝသည် တိုးတက်မှုအတွက် ထူထောင်ရသောဘဝပင်ဖြစ်ရာ ရှောင်ကြဉ်နိုင်ရမည်ပင် ဖြစ်လေသည်။

အင်အားများသည် ဖြည့်တင်းရုံသာမဟုတ်၊ ပင်ကိုအားမှ မလျော့ပျက်သွားရအောင် ထိန်းသိမ်းနိုင်ခြင်းဖြင့်လည်း အားမွေးနိုင်ပေရာ၊ စာရိတ္တဗလသည် စောင့်စည်းမှုဆင်ခြင်မှု၊ စိတ်ကောင်းမွေးမှုမျှဖြင့် ကိုယ်ကျိုးအတွက် အထိရောက်ဆုံးသော အင်အားတစ်ရပ်ကိုရရှိခြင်း

mgyoe.com

mgyoe.com


ဖြစ်ပေရာ၊ အဘယ်ကြောင့် အလွယ်နှင့် မဖြည့်နိုင်အံ့နည်း။ စာရိတ္တပျက်ခဲ့လျှင် အခြားအင်အားများ မည်မျှတိုးတက်ပြည့်ဝစေကာမူ အသုံးမကျအရာမတွင်နိုင်တော့ပေ။ ထိုမှတစ်ပါးရအံ့ပြီးသော ကျော်ကြားမှု၊ ဂုဏ်ရှိမှုတို့မှအစ ကျန်ဘောဂဗလ၊ မိတ္တဗလ၊ ကာယဗလတို့လည်း ပျောက်လွင့်ဆုံးပါးကုန်ရမည်သာ ဖြစ်လေသည်။

လူတို့သည် အမှားသို့ အစဉ်ဦးတည် နေလေသည်။ အထက်မှသည် အောက်သို့ကျမြဲ ကမ္ဘာ့နိယာမသဘောတရားကဲ့သို့ အမှားသို့ အစဉ်ကျနေပေရာ၊ ထိန်းနိုင်ဆည်းနိုင်သလောက် အကောင်းတွင် ရပ်တည်နေရ၏။ ထိုကြောင့်ပင် တိုးဖြည့်ရသော အားမဟုတ်စေကာမူ အထိန်းရ အချုပ်ရ၊ အကွပ်ရခက်သော အားပင်ဖြစ်၍ အသိဆင်ခြင်ဉာဏ်နှင့် အကျိုးလိုလားမှုတို့ဖြင့် အလွယ်နှင့် ထိန်းချုပ်စောင့်စည်း၍ ရနိုင်သော အားများပင် ဖြစ်လေသည်။

စာရိတ္တလုံမှ အိမ်ထောင် အဆောက်အအုံ တည်မြဲသန့်စင်မည်ဖြစ်ရာ အိမ်ရှင်မတိုင်းကလည်း စာရိတ္တကို တန်ဖိုးထားကြပေလိမ့်မည်။ မတတ်လျှင် သင်၍ရနိုင်လျက် မကျန်းမာသည်ကို ကုသ၍ ရနိုင်စေကာမူ၊ မစောင့်စည်းသော စာရိတ္တပျက်မှု ပင်ကိုဉာဏ်ကို အလွယ်နှင့် ပယ်ဖျောက်၍ မရနိုင်ပေရာ။ စာရိတ္တပျက်သူမှာ သူတစ်ပါးက ကုစားသင်ကြား၍ မရနိုင်သော လူညံ့တစ်ယောက်သာဖြစ်၍ ထိုသူအား အိမ်ထောင်ဘက် ပြုလိုကြမည် မဟုတ်ပေ။ မိမိကျင့်သုံး စောင့်စည်းနိုင်လျက် မစောင့်စည်းဘဲ မိမိဘဝကိုပင်လျှင် မွန်မြတ်အောင် မဖန်တီးနိုင်သူအား အိမ်ထောင်ကိုဦးဆောင်နိုင်ရန် ဝန်လေးကြပေမည်။

စာရိတ္တမဲ့သူမှာ–အပေါက်နှင့်အိုးကဲ့သို့ မည်သည့်ဗလကိုဖြည့်သွင်း၍မှ မပြည့်တင်းနိုင်သူပင်ဖြစ်၍ ဆုံးရှုံးသည်ထက်သာ ဆုံးရှုံးရဖွယ်ရှိလေသည်။ စာရိတ္တကျင့်ဝတ်တစ်ပါးပျက်ရုံဖြင့် အရေးမကြီးဟူ

mgyoe.com

mgyoe.com


မထင်အပ်ပေ။ တစ်ပါးပျက်လျှင် ကျန်တစ်ပါးကိုလည်း ထိခိုက်နိုင်၍ ပျက်စရှိလျှင် ပျက်တတ်သည်သာ ဖြစ်သည်ကြောင့် စာရိတ္တစောင့်စည်းမှုကို ပေါ့လျော့စွာ မယူမှတ်သင့်ပေ။

**မိတ္တဗလ။** မိတ္တဗလသည် အပေါင်းအသင်း မိတ်ဆွေပေါများခြင်းပင်ဖြစ်၏။ ထိုသို့ ပေါများခြင်းမှာ ပေါင်းသင်းဆက်ဆံရေးတွင် စွမ်းဆောင်နိုင်သော အရည်အချင်း ကျင့်ဝတ်၏ အစွမ်းပင်ဖြစ်ရာ ထိုအင်အားမှာ တစ်သက်တာအရေးအတွက် များစွာ အထောက်အပံ့ပြုနိုင်၏။ မိတ်ဆွေများနှင့် သင့်မြတ်ပြေလည်အောင် မပေါင်းသင်းနိုင်လျှင် မိမိမယားနှင့် သင့်တင့်ပြေလျောရန် ပို၍ခက်ခဲမည်သာ ဖြစ်၏။

နီတိများတွင် မိတ်ဆွေ လေးမျိုးကို ပြဆိုရာ၌။
မရောက်ဖူးသော အရပ်တစ်ပါး၌၊ ပညာသည်၊ မိတ်ဆွေဖြစ်၏။
ဖျားနာသောအခါ ဆေးဝါးသည် မိတ်ဆွေဖြစ်၏။
အိမ်ထောင်ဆက်ဆံရေး၌မယားသည် မိတ်ဆွေဖြစ်၏။
အခါခပ်သိမ်းတွင်ကား တရားသည်သာ မိတ်ဆွေဖြစ်၏။

ဟူ၍ ဖော်ပြထားရာ၊ မယားသည် မိတ်ဆွေများအနက် ပါဝင်သော အရင်းနှီးဆုံးသော မိတ်ဆွေတစ်ဦးပင်ဖြစ်သဖြင့် မိတ်ဆွေနှင့် သင့်မြတ်သော အရည်အချင်းမှာ အထူးပင် လိုအပ်၏။ လူ့ဆက်ဆံရေးလောကသည် တစ်ဦးချင်းအားဖြင့် ရပ်တည်၍မရပေ။ လူ့လောကတိုးတက်မှုအဝဝအတွက် အဘက်ဘက်မှ တာဝန်ခွဲကာဖြည့်တင်းကြရပေရာ အားထုတ်မှုချင်းပေါင်းစပ်သဖြင့်သာ လူ့လောကသည် ရပ်တည်လျက် ရှိ၏။ ထိုကြောင့် လူမှန်သမျှ မိတ်ဆွေနှင့်ကင်း၍ မနေနိုင်ပေ။

မိတ်ဆွေပေါများခြင်းထက် မိတ်ဆွေစစ်ပေါခြင်းကိုသာ လိုလားအပ်၏။ မိတ်ဆွေစစ်ရန်မှာ... မိမိကလည်း အခြားသူအတွက် မိတ်ဆွေ

mgyoe.com

mgyoe.com

စစ်ပီသအောင် ကျင့်ဆောင်ရန် လို၏။ ထိုသို့ကျင့်ဆောင်နိုင်ခြင်းသည် စိတ်ဓာတ်မှစ၍ စာရိတ္တအင်အားကောင်းမွန်မှသာ စွမ်းဆောင်နိုင်မည် ဖြစ်သဖြင့် မိတ်ဆွေအားကောင်းသူ၏အရည်အချင်းများမှာ အလို အလျောက် မှတ်တင်ထားပြီဖြစ်၏။ သို့ရာတွင် လူတစ်ယောက်ကို ၎င်း၏ ရောနှောဆက်ဆံရာ မိတ်ဆွေအတန်းအစားအားဖြင့် အကဲခတ် တတ်ကြပေရာမိတ်ဆွေသည် မိတ်စစ်မိတ်ကောင်းဖြစ်စေရန် အထူး သတိပြုအပ်၏။

သိင်္ဂါလောဝါဒသုတ်တွင် ပေါင်းအပ်သော မိတ်ဆွေမပေါင်းအပ် သော မိတ်ဆွေ ၁၆–ပါးစီ ခွဲခြားဖော်ပြထား၏။ ပေါင်းအပ်သော မိတ်ဆွေမျိုးကား မေ့လျော့သောအခါ စောင့်ရှောက်တတ်သူ၊ ပစ္စည်း ဥစ္စာကို ထိန်းသိမ်းပေးသူ၊ အရေးရှိသောအခါ အားကိုးရာရသူ၊ မိမိ အကျိုးကိုပို၍အားထုတ်သူ၊ လျှို့ဝှက်သောကိစ္စက ယုံမှတ်သူ၊ ယုံမှတ် အပ်သောကိစ္စကို လျှို့ဝှက်စောင့်စည်းသူ၊ ဘေးအန္တရာယ်ကြားတွင် မစွန့်ပစ်သူ ကိုယ်ကျိုးစွန့်၍ ကူညီရှုက်ဆောင်သူ၊ ကုသိုလ်ကောင်းမှု၌ နှိုးဆော်သူ၊ သီတင်းသီလကောင်းမှုတွင် အဖော်ပြုသူ၊ မသိသော အရာကို သိအောင် ပြုပေးသူ။ နိဗ္ဗာန်ခရီးကို ညွှန်တတ်သူ၊ ပျက်စီးမည် ကို မလိုလားသူ၊ အကျိုးရှိမည်ကို နှစ်သက်သူ၊ အကျိုးမဲ့ပြုသူကို တားဆီးပေးသူ၊ အကျိုးထမ်းဆောင်သူကို အားပေးချီးမြှင့်သူ ၁၆–ပါး ပြဆိုလေသည်။

မပေါင်းဖွဲ့အပ်သော မိတ်ဆွေမျိုးကား မိမိဥစ္စာကိုသာယူလိုသူ မိမိက အနည်းငယ်ပေး၍ အများအပြား တုံ့ပြန်အလိုရှိသူ။ ဘေးလွတ်ရုံခို ကိုးသူ။ အကျိုးခံစားရရုံ ပေါင်းဖွဲ့သူ။ နှုတ်လောကွတ်ဖြင့် ကျေနပ်စေသူ၊ အနာဂတ်ကို လှမ်း၍ နှစ်သိမ့်လှည့်စားသူ။ ဟန်ဆောင်စေတနာပြသူ။ တွန့်တိုမှုဖြင့် ဟန်ဆောင်တတ်သူ။ မကောင်းမှု၌ ခွင့်ပြုအားပေးသူ။

mgyoe.com

mgyoe.com


ကောင်းမှု၌ ပိတ်ပင်သူ၊ ရှေ့တွင် ချီးမွမ်းသူ၊ ကွယ်ရာ၌ ကဲ့ရဲ့စကားတင်းဆိုသူ။ ဘေးရောက်တတ်သူ။ ပျော်ပါးမှု၌ အဖော်ဖြစ်သူ။ လောင်းကစားမှု၌ အဖော်ဖြစ်သူဟူ၍ ၁၆–ပါး ပြဆိုလေသည်။

ထိုသို့အားဖြင့်ပင်လျှင် အကျယ် ရှင်းလင်းဖြည့်စွက်ရန် မလိုအောင် မိတ်တု–မိတ်စစ်ခွဲခြားမှု၌ ထင်ရှားပြီဖြစ်ရာ မိတ်စစ်ကိုသာ ရွေးချယ်ပေါင်းဖွဲ့အပ်လေသည်။

မိတ်ဆွေကောင်းကို သိရုံနှင့်လည်း မပြီးမြောက်သေးပေ။ မိတ်ဆွေကောင်းရအောင်လည်း ကျင့်ဆောင်ရန် လိုလေသည်။ မိတ်ဆွေလိုအပ်သောအခါသည်၊ အနာရောဂါနှိပ်စက်သောအခါ။ စည်းစိမ်ပျက်သောအခါ၊ ငတ်မွတ်သောအခါ၊ သေဘေးတမျှ ကြုံရသောအခါ၊ ရန်သူလက်တွင်း ရောက်သောအခါ၊ အမှုအခင်းဖြစ်သောအခါစသည်တို့တွင်ဖြစ်ရာ ထိုအခါ ခင်မင်မပျက်မှသာ မိတ်ဆွေကောင်းပီသ၏။ မိမိသည်ထိုမိတ်ဆွေကောင်းပီသ၏လောဟု ဆန်းစစ်ရန် လို၏။

မိတ်ဆွေ၏ကျင့်ဝတ်ကို စောင့်စည်းတတ်ခြင်းမှာလိုအပ်သောမိတ္တဖလကိုရရန် အကြောင်းဖြစ်၏။ အထိုက်အလျောက် ပေးကမ်းခြင်းနေမှု စားမှု၌ အဆင့်အတန်းမခွဲခြားခြင်း။ မျက်မှောက် မျက်ကွယ်မရွေးအကျိုးဆောင်ခြင်း၊ ရှင်ပျူစွာ ဆက်ဆံခြင်း၊ အချိန်းအချက်–ကတိကဝတ်မပျက်ခြင်းတို့သည် မိတ္တဖလ တိုးတက်ရန် ကျင့်ဝတ်ပင် ဖြစ်လေသည်။

ထိုမှတပါး လူ့သဘောလောကဝတ်သဘောကို လိမ္မာနှံ့သိခြင်းဖြင့်လည်း မိတ်ဆွေတိုးစေခြင်း၊ တိုးပွားသော မိတ်ဆွေမြဲစေခြင်းအားဖြင့်လောကအကျိုးစီးပွားကို ဖြစ်ထွန်းစေနိုင်လေသည်။ မိတ်ဆွေသည်အိမ်ထောင်ရေးခရီးတစ်လျှောက်လုံးအတွက် လိုအပ်သည်ဖြစ်ရာ၊ထိုအားနှင့်လည်း ပြည့်စုံရန်အရေးကြီး၏။

mgyoe.com

mgyoe.com


ဘောဂဗလ။ ဘောဂဗလသည် ဥစ္စာစည်းစိမ်ပြည့်ခြင်း ဖြစ်၏။ ချမ်းသာကြီးပွားနိုင်လေ ကောင်းလေပင် ဖြစ်၏။ သို့ရာတွင် အနည်းဆုံး ယောကျ်ားတိုင်းတွင် ပြည့်မီအပ်သော ဘောဂဗလ အရည်အချင်းကား သက်လုံကောင်းစေနိုင်သည့် ဘောဂဗလအင်အားပင် ဖြစ်၏။

အိမ်ထောင်ရေးသာမက တစ်ဦးတည်းဘဝထူထောင်စေကာမူ စီးပွားရေးမှကင်း၍ မရပ်တည်နိုင်ပေ။ နေမှုစားမှုဝတ်မှုအတွက် ထိုက်တန်သမျှ ပြည့်ရန် လို၏။ ဘဝကိုထူထောင်ရာတွင် အခြေခံခြေကုတ်ရယူရန် စီးပွားရေးအင်အားရှိမှသာ အိမ်ထောင်ရေးခရီးလမ်း၌ ဖြောင့်ဖြူးနိုင်မည်ဖြစ်လေသည်။

ဆင်းရဲခြင်း၊ ချမ်းသာခြင်းသည် အတိတ်က ကံအလျောက်သာ မဟုတ်ဘဲ ပစ္စုပ္ပန်အားထုတ်ကြိုးစားမှု၏ အရေးအခွင့်အကျိုးဆက် အစွမ်းလည်း ပါ၏။ ဘောဂဗလသည် စင်စစ်ငွေသာလျှင် မဟုတ်ပေ။ ငွေရှိလျှင် အရာရာရရှိနိုင်သည်ဆိုစေကာမူ ဘောဂဗလအရ ငွေသည် စီးပွားရေး မဟုတ်ပေ။ လူတို့အလိုလိုလက်ငင်းဖြေရှင်းနိုင်မည့် ပစ္စည်းစုသာလျှင် စီးပွားဖြစ်ရာ၊ လူ့လောကအတွက် အခြေခံလိုအပ်သော စီးပွားအင်အားရှိရန် လိုလေသည်။ ထိုအင်အားမှာ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ အထိုက်အလျောက်ပြည့်အောင် ကြိုးစားရန် ရနိုင်ကောင်းသည်သာ ဖြစ်လေသည်။ ပျင်းရိမှု၊ မိုက်မဲမှု၊ ပညာကင်းမဲ့မှု၊ အကျင့်ဖောက်ပြားမှု၊ ဖြုန်းတီးမှု စသောအပြစ်များသာ ကင်းစင်ခဲ့လျှင် ကိုယ်စီစီးပွားကို ဖြည့်တင်းရန် မခက်ခဲပေ။

အချို့မှာ အမွေအနှစ်ရ၍ အချို့ထီပေါက်၍ အချို့အခွင့်တစ်စုံတစ်ရာအရ တစ်ပြိုင်နက် စည်းစိမ်ချမ်းသာ ကြွယ်ဝလာတတ်လေသည်။ ထိုအင်အားကို ထိန်းသိမ်းနိုင်သော စွမ်းရည်တိုးတက်အောင် ဖန်တီးနိုင်

mgyoe.com

mgyoe.com


သော စွမ်းရည်ရှိမှသာလျှင် စည်းစိမ်ကိုမြဲမြဲစေနိုင်မည်ဖြစ်ရာ၊ ဘောဂဗလသည် ထိုအရည်အချင်းသာဖြစ်လျက် ပစ္စည်းဝတ္ထုမှာ ထိုအရည်အချင်းမှ အသီးအပွင့်မျှသာ ဖြစ်လေသည်။

အသက်မွေးဝမ်းကျောင်းလုံလောက်အောင် အိမ်ထောင်စီးပွားဖူလုံအောင် တိုးတက်မှုကို ရှေ့ဆောင်နိုင်အောင် ကျွမ်းကျင်သော အရည်အချင်းရှိခြင်းသည် ဘောဂဗလ၏ သိုက်စားရခြင်း၊ သိုက်ကို တွေ့ထားခြင်းပင်ဖြစ်၍ ကြီးပွားချမ်းသာရန်အတွက် မခက်ခဲတော့ပေ။ ထို့ကြောင့် ဘောဂဗလတွင် ပင်မဘောဂထုတ်လုပ်နိုင်ရန် အရည်အချင်းအားကိုလည်း ဖြည့်တင်းရပေမည်။

လူတို့သည် အသက်ရှင်ကျန်မှုအတွက် အစဉ်အားထုတ်ကြရသည်သာဖြစ်၍ ခနရှာဖွေမှုသည် လူ့လုပ်ငန်းတစ်ရပ်ပင် ဖြစ်လေသည်။ စီးပွားရေးတောင့်မှ အိမ်ထောင်ချမ်းမြေ့မှုရရှိနိုင်ရာ၊ စီးပွားဥစ္စာစုဆောင်းဖြည့်တင်းရန်မှာ အိမ်ထောင်ရေး၏ ပြင်ဆင်မှုတစ်ရပ်ပင် ဖြစ်လေသည်။

ဘောဂဗလကို ဖြည့်တင်းရာတွင် အခြားအင်အားရပ်များကို မထိခိုက်စေဘဲ ထိုအားတို့၏အကူအညီဖြင့်သာ ဖြည့်တင်းအပ်လေသည်။ မသန့်ရှင်း မစင်ကြယ်သော ဘောဂဗလသည် မိမိ၏ပင်ကို ဘောဂထုတ်လုပ်အား အစွမ်းဖျက်ဆီးလိမ့်မည်သာ ဖြစ်ပေသည်။ ပစ္စည်းဝတ္ထုသည် ပျောက်ပျက်လွယ်လေသည်။ သို့ရာတွင် ပင်ကိုစွမ်းသည် မပျောက်ပျက်နိုင်သဖြင့် ဘောဂဗလကို အစဉ်ဖြည့်တင်းနိုင်လိမ့်မည်သာ ဖြစ်လေသည်။

ဘောဂဗလဖြည့်တင်းသလောက် အခြားအင်အားစုများသည်လည်း ဖြည့်တင်းရန် လိုလေသည်။ ထိုအင်အားတစ်ခုတည်းဖြင့် မောက်မာဝင့်ကြွားမှုမှာ အခြေမခိုင်ပေ။

ထိုသို့ ဗလငါးတန်ပြည့်စုံခြင်းဖြင့် အိမ်ထောင်ရေးခရီးဝဋ်ရှိသော

mgyoe.com

mgyoe.com


လုလင်ပျိုသည် စွမ်းဆောင်အောင်မြင်စွာ အိမ်ထောင်ရေးခရီးကို ချီတက်နိုင်မည်ဖြစ်ရာ၊ ထိုအင်အားများသည် ယောကျ်ားကောင်းတို့ မွေးမြူအပ်သောသက်လုံ အရည်အချင်းများပင် ဖြစ်လေတော့သည်။ ထိုအရည်အချင်းနှင့် ပြည့်ညီသောလင်သည်လည်း လင်တော်တစ်ယောက်ပင် ဖြစ်ရမည်မဟုတ်ပါလော။

❐

mgyoe.com

mgyoe.com

## မယားရွေးမှု

လင်သည် မိမိ၌ အရည်အချင်းပြည့်ဝ၍ အိမ်ထောင်ရေးလောက ကို သဘောမှန် ဆင်ခြင်နားလည်ပြီးသည့်နောက်တွင် မယားကောင်းကို ရွေးချယ်ရန်လည်း လိုအပ်ပေသေးသည်။

မိန်းမပေါ၏။ မယားရှားသည်ဟူသောစကားမှာ မိန်းမတိုင်းကို မယားအဖြစ် ရွေးချယ်ရန် မဖြစ်နိုင်ကြောင်းကို ပြလေသည်။ အကြင် မိန်းမတစ်ဦးသည် ပစ္စည်းရုပ်ရည် ဂုဏ်သရေမှစ၍ အဘက်ဘက်တွင် သော်လည်းကောင်း၊ တစ်ဖက်ဖက်တွင်သော်လည်းကောင်း၊ ပြည့်ဝ ကောင်းပြည့်ဝပေမည်။ သို့ရာတွင် ထိုသိုသော အရည်အချင်းပြည့်စုံတိုင်း မယားကောင်းဖြစ်လိမ့်မည်ဟု မပြောဆိုသာပေ။

မယားကောင်း အရည်အချင်းကား... အဘယ်နည်း။ ရုတ်တရက် ဖြေဆိုရန်ကား မလွယ်ပေ။ မိန်းမတို့ရှိအပ်သော အရည်အချင်း ပြည့်စုံမှု ဟူသမျှသည် မယားကောင်း၏အရည်အချင်းပြည့်ဖြစ်မည်ဟု မဆိုနိုင် ပေ။ အိမ်ထောင်သည် မယားအဖြစ်၌ အရည်အချင်း ကျင့်ဝတ်ပြည့်စုံခြင်း ကား မယားကောင်းပီသခြင်း ဖြစ်ပေလိမ့်မည်။ ထိုကြောင့် လင်ကောင်း

mgyoe.com

mgyoe.com


သည် မိမိမယားအဖြစ်၌ မယားကောင်းပီသမည့်လူကိုသာ အဓိကထား၍ ရွေးချယ်ရပေလိမ့်မည်။

လူတစ်ကိုယ်လျှင် အကြိုက်တစ်မျိုးစီရှိရာ၊ မိန်းမတို့အပေါ်တွင် တပ်မက်မှု၌လည်း အမျိုးမျိုးရှိပေလိမ့်မည်။ ရုပ်ရည်ကိုယ်လုံးကိုယ်ပေါက်၊ ဥစ္စာပစ္စည်း၊ ပညာအရည်အချင်းစသည်ဖြင့် အမျိုးမျိုးသောဘက်မှဆုံးဖြတ်တန်ဖိုးထားကြပေမည်။ မည်သည့်ဘက်မှ တန်ဖိုးထားရမည်ဟူ၍ကား တစ်ထစ်ချ အကြံမပေးသာပေ။ သို့ရာတွင်သဘောအားဖြင့် အကျိုးရှိရာ အိမ်ထောင်တည်မြဲရာကို မျှော်ရှု၍ ဆင်ခြင်နှိုင်းချိန်ရန်လမ်းကြောင်းကို ညွှန်ပြနိုင်ပေသည်။

မိန်းမ တစ်ဦးအပေါ်တွင် အရည်အချင်းတစ်ခုကို မက်လုံးထား၍ မယားအရာ တင်မြှောက်လိုက်ရာတွင်ထို အရည်အချင်း မက်လုံးတည်မြဲသလောက် အိမ်ထောင်သက်နှင့် အိမ်ထောင်၏သုခတည်မြဲနိုင်ရာ... ထိုမက်လုံးသည် မိမိ၏စွဲလမ်းနှစ်သက်လိုလားချက် အရည်အချင်းဖြစ်ပါမှလည်း ထာဝစဉ် မက်မောနှစ်သိမ့်နိုင်ပေမည်။ အခြားမိမိတန်ဖိုးမထားသော အရည်အချင်းမျိုးကို ယာယီအားဖြင့် တပ်မက်ခြင်း မရှိသင့်ပေ၊ မိမိနှစ်သက်ရာ အရည်အချင်းအလျောက်ရွေးမှလည်း မိမိတစ်သက်တာအတွက် စိတ်ပျော်ရွှင်ခြင်းဖြစ်၍ ရှမ်းကြိုက် နွားချောဟူသော စကားကဲ့သို့ပင် ကြိုက်ရာရွေး၊ ဝါဒသာ သင့်မြတ်ပေသည်။

သို့ရာတွင် ထိုသို့ကြိုက်ရမည့် မက်လုံးသည် ထိုမယားအဖို့ထာဝစဉ် တည်မြဲမည် မမြဲမည်ကို ဆင်ခြင်ဝေဖန်ရပေမည်။ ထိုအရည်အချင်းသည် ထာဝစဉ် ခိုင်မြဲမည့်အရာလော၊ ပျက်ပြယ် ပြောင်းလွဲမည့်အရာလောဟူ၍ သိနားလည်ရပေမည်။ မည်သည့်မိန်းမတွင်မှ အမတတည်နိုင်သော အရည်အချင်းကို အစဉ်အမြဲတည်ထောင်၏။ တမ်းတတပ်မက်၍ ရွေးချယ်မိခြင်းဖြင့် နောင်အစဉ်မတည်မြဲနိုင်သောအခါ

mgyoe.com

mgyoe.com


စိတ်ပျက်ဖွယ်တွေ့ရတတ်လေသည်။ မူလက ရွှေ့လျောပျက်ပြယ်တတ်သော သဘောကိုသိ၍ သိလျက်နှင့် ထိုအရည်အချင်းကို မက်မောပါမူ ထိုသို့ လျော့ပျက်သောအခါတွင် မိမိသည် စိတ်ကိုလိုက်လျော နှစ်သိမ့်နိုင်ရန် အသင့်ရှိရပေမည်။

ချမ်းသာကြွယ်ဝမှုကို တပ်မက်၍ ရွေးချယ်ခဲ့သော်အကြောင်းမသင့်၍ ဆင်းရဲသွားခဲ့ပါက အိမ်ထောင်ဆက်ဆံရေး အဆင်မပြေဖြစ်ရတတ်၏။ ထို့ကြောင့် အဓိကလိုအပ်သော အရည်အချင်းအဖြစ် အမှတ်ထားရန်မှာပြောင်းလဲတတ်သော ယာယီပြည့်စုံမှုမျိုး၊ ကြိုးပမ်း၍ဖြည့်တင်းနိုင်သော ပြည့်စုံမှုမျိုးထက် မပြောင်းမလဲ ဖန်တီး၍မဖြစ်သောစိတ်ကို၊ အရည်အချင်းကို မူတည်၍ ရွေးချယ်ပါမှ တစ်သက်တာစိတ်ချမ်းသာခြင်း ဖြစ်ရနိုင်လေသည်။

မယား၏ အရည်အချင်းတွင် စိတ်သဘောမျှတမှု၊ သဘောထားကြီးမှု၊ သည်းခံတတ်မှု၊ မာနစိတ်နည်းပါးမှု၊ ဆင်ခြင်တုံတရားရှိမှု၊ ဖော်ရွေမှု၊ လောကဝတ်သိမှု၊ အမြင်ကျယ်မှုစသော ပင်ကိုစိတ်ဓာတ် အသိပညာများနှင့် ပြည့်စုံရန်လိုလေသည်။ ထိုအရည်အချင်းကို ပင်ကိုကလက်မခံလျှင် ပြုပြင်ပေးသွား၍ မရနိုင်ပေ။ အိမ်ထောင်၏ဆက်ဆံရေးသည် အစဉ်ပေါင်းသင်းဆက်ဆံမှု၏သဘောထားများအပေါ်၌ တည်ဆောက်ထားပေရာ ရုပ်အဆင်း၊ ဥစ္စာပစ္စည်းစသော ပြင်ပအရည်အချင်းတို့သည် ပြုပြင်နိုင်စွမ်းမရှိပေ။ ပြင်ပအရည်အချင်းကို မက်မောမှုဖြင့် အတွင်းပင်ကိုအရည်အချင်း ညံ့ဖျင်းမှုကို ခွင့်လွှတ်နိုင်လိမ့်မည်ဟု ယူဆခြင်းမှာ ခေတ္တခဏသဘောမျှဖြစ်၍ ထာဝစဉ်အဖို့၌ ကွဲပြားသိသာလာပေမည်။ ဥစ္စာပစ္စည်းပြည့်စုံလျှင် လိုရာပြည့်သည်ဟု မှတ်ယူလျှင် ခဏအဖို့ မှန်ကန်သော်လည်း အခြားပင်ကိုဆက်ဆံမှု၊ မခြေမင် မတိုက်ဆိုင်မှုများ များပြားလာလေသောအခါ ဥစ္စာပစ္စည်းကိုပင် ရွံမုန်းစိတ်ပေါက်လာပေမည်။

mgyoe.com

mgyoe.com

ထို့အတူပင်လျှင် ပြင်ပအရည်အချင်းအပေါ် မက်မောမှုကား တကယ် ဆက်ဆံရေးအတွက် မပြေလည်လျှင် ပြယ်သည်ထက် ပြယ်သွားမည်သာ ဖြစ်လေသည်။

တစ်နေ့က မြတ်နိုးမှုသည် အခြားတစ်နေ့တွင်၊ ရွံရှာဖွယ်ဖြစ်ရခြင်းမှာ မြတ်နိုးထိုက်သော အရာမဟုတ်ဘဲ မြတ်နိုးမိခြင်းကြောင့်သာ ဖြစ်ပေမည်။ ထိုသို့ ပြောင်းလဲသွားခြင်းသည် စိတ်ကို ဒဏ်ရာရစေနိုင်လေသည်။ ပင်ကို အရည်အချင်းကောင်းလျှင် ပြင်ပအရည်အချင်းကို ဖြည့်သွင်း၍ရနိုင်သည်သာ ဖြစ်လေသည်။

နှစ်ဖက်စလုံး ဥစ္စာပေါ၊ ရုပ်ချော–သဘောကောင်း၊ အိမ်ပါ၊ အမေတည့် စသောအရည်အချင်း ကျပ်ပြည့်ရှိလျှင်ကား အကောင်းဆုံးပင် ဖြစ်လေသည်။ သို့ရာတွင် လူ့စိတ်အလိုကျ ပြည့်စုံနိုင်ရန် ခက်ခဲသည့်ပြင် မိမိကိုယ်၌ကလည်း ထိုသို့ပြည့်စုံနိုင်ရန် မလွယ်ကူပေရာ စွယ်စုံကိုချည့် တွေ့နိုင်မည်မဟုတ်ပေ။ သို့ဖြစ်ရာ အိမ်ထောင်မှု တည်မြဲစေနိုင်သော ပင်ကိုပါ ပြုပြင်အစားထိုးမရသော အရည်အချင်း မက်လုံးအရသာလျှင် အိမ်ထောင်ဘက်ကို ရွေးချယ်သင့်လေသည်။

အိမ်ထောင်တည်မြဲမှုတွင် မိမိကသာ သင့်မြတ်အောင် ဆက်ဆံပေါင်းသင်းရုံနှင့် မပြီးပေ။ တစ်ဖက်မှလည်း မျှတသန့်စင်သော စိတ်ထားရှိသူဖြစ်မှ အဆင်ပြေနိုင်သည်ဖြစ်ရာ မိမိအိမ်ထောင်ဘက်သည် အရှည်ခရီး၌ ပေါင်းသင်းဆက်ဆံ၍ ရနိုင်သူဖြစ်မှသာ မိမိလည်း လင်တော်လင်ကောင်း ဖြစ်နိုင်လေသည်။ ထို့ကြောင့် မယားရွေးမှုသည် အရေးကြီးပေသည်။ လင်ကောင်းများ မယားကောင်းများမှာ မယားဆိုးလင်ဆိုးတို့ကြောင့်၊ မဆိုးချင်ဘဲ ဆိုးသွမ်းမိုက်မဲရသောဘဝသို့ရောက်ရသည်လည်း ရှိပေသည်။ လင်ဆိုးမယားဆိုးကို မယားကောင်းလင်ကောင်းတို့က ပြုပြင်လျှင်ပင် အတော်အတန် ပြေပျောက်နိုင်လေသည်။

mgyoe.com

mgyoe.com


လင်ကောင်းသည် မိမိမည်သည့်အရည်အချင်းကို တန်ဖိုးထားကြောင်း ဆန်းစစ်ရပေမည်။ မိမိတစ်သက်တာအတွက် ဘာလိုသည်ကိုလည်း ဆင်ခြင်ရပေမည်။ မိမိအပြုအမူ စာရိတ္တကိုလည်း ဆန်းစစ်ရပေမည်။ မိမိသည် ယုယပြုစုရမည့်သူလိုသလော။ အရင်းအနှီး အမှီအခိုပေးနိုင်မည့် သူကိုလိုသလော၊ စိတ်နှစ်သိမ့်မှုကို ပေးနိုင်သူကို လိုသလော။ ပွဲပြင်ဆုံးမမည့်သူကိုပင် လိုသလော၊ စသည်တို့ကို မိမိမျှော်လင့်သောအရည်အချင်းမှာ မိမိအတွက် အကြောင်းမဲ့ လိုလားတပ်မက်မှုမဖြစ်စေဘဲ အိမ်ထောင်ကို ထူမတ်ရာ၌ မိမိအတွက် အလိုအပ်ဆုံးအရည်အချင်းသာဖြစ်ရပေမည်။

ဂုဏ်ရှိသူယူလျှင်ကောင်းသည်ဆိုစေကာမူ မိမိနှင့်ဂုဏ်ချင်းပြိုင်၍ မာနချင်းပေါက်ကာ ဆက်ဆံရေးမပြေလည် ဂုဏ်ရည်ကိုရရကျိုးမနပ်တော့ပေ။ မိမိသည် မယားထံမှ အရည်အချင်းလာဘ်လာဘ အကျိုးအခွင့်ကို မျှော်၍သာ မယားကိုရှာခြင်း မဖြစ်စေရပေ။ မိမိပင်ကိုအားကိုလည်းကောင်း၊ ဂုဏ်ကိုလည်းကောင်း၊ ပညာစသော အရည်အချင်းကိုအထောက်အပံ့ပြုမယောင်ဖြင့် အားတိတ်လျော့ပါးခြင်းဖြစ်စေမည့်အကျိုးအခွင့်ကို မမျှော်မှန်းသင့်ပေ။ ချမ်းသာသူရလျှင် ထိုင်စားလိုက်မည်ဟူသော စိတ်မျိုးမှာ လင်တော်လင်ကောင်းမဖြစ်စေနိုင်ပေ။ မိမိကအရည်အချင်းကို ရှာဖွေသည်မှာ ရေသာခိုရန် မဟုတ်ဘဲ အထောက်အပံ့ပြုရန် အိမ်ထောင်ရေးကို ပြေလည်ချောမွေ့စေရန်အတွက်သာ ဖြစ်လေသည်။

လင်ကဖြစ်စေ၊ မယားကဖြစ်စေမည်မျှ အရည်အချင်းဥစ္စာပစ္စည်းပြည့်မြောက်ကုံလုံသည်ဖြစ်စေ လင်နှင့်မယားသည် ကိုယ်စီတာဝန်ကိုထမ်းရွက်ရန် ဆုတ်နစ်အားလျော့ရေသာခိုခြင်း မရှိသင့်ပေ။ မိမိကရည်မျှော်သော အရည်အချင်းသည် ထာဝစဉ်သုခကို ပေးနိုင်မည်ဖြစ်

mgyoe.com

mgyoe.com

လျှင် ကျန်ယာယီ သုခမျှပေးစွမ်းမည့် အရည်အချင်း မပြည့်ဝမှုအတွက် ခွင့်လွှတ်ရပေမည်။

အိမ်ထောင်မထူထောင်မီ လင်လောင်းသည် မည်သည့်အတွက် အိမ်ထောင်ရေးမပြေလည်ဖြစ်တတ်ပုံကို လူ့လောကအကြားအမြင် စာအုပ်စာတမ်းများမှ သင်ခန်းစာယူရပေမည်။ ထိုသင်ခန်းစာအရ ထိုအပြစ်များကို ရှောင်ကွင်းနိုင်ရန် နည်းလမ်းရှာရပေမည်။ ထိုနည်းလမ်းအရ အိမ်ထောင်ဘက်ရွေးရပေမည်။ လင်နှင့်မယားသည်အသေးအဖွဲကိစ္စကလေးများတွင် သည်းခံနိုင်မှုမရှိ၍ ကွဲကွာရကြောင်းသိလျှင် မိမိကထိုသို့ သည်းခံနိုင်ရည်ရှိရန်နှင့် ထိုသို့သည်းခံနိုင်မှုရှိသူကို ရွေးမှ ဖြစ်မည်ကိုနားလည်ရပေမည်။ လင်နှင့် မယားသည် အရှာအဖွေ အသုံးအစွဲ၌ သဘောချင်း မတိုက်ဆိုင်၍ကွဲကွာရကြောင်းသိလျှင် သဘောချင်း တိုက်ဆိုင်မည်သူ့ကိုရွေးမှဖြစ်ကြောင်းနားလည်ရပေမည်။ ထိုသို့အားဖြင့် အိမ်ထောင်ရေး ကွဲပြားတတ်သောအကြောင်းများကို အသေးအဖွဲမှ အစအကြီးဆုံးအထိ ဆင်ခြင်နားလည်လျက် ထိုသို့သော အပြစ်ကို ရှောင်နိုင်ရန် ရွေးချယ်စဉ်က သတိရပေမည်။

လင်နှင့်မယားသည် တကယ့် ဆက်ဆံရေးတွင် ပြင်ပအရည်အချင်းချင်းပူးပေါင်း၍ မရပေ။ စိတ်သဘောချင်းပေါင်းရပေမည်။ စိတ်ချင်းအလိုအလိုက် မတူညီမှုအလျောက် ကိုယ်စီပါအရည်အချင်းကို နှစ်ဦးအိမ်ထောင်အကျိုးအတွက် ရင်းနှီးဖက်စပ်ရာတွင် ပူးပေါင်းဖွဲ့စပ်အသုံးချရလေသည်။ အိမ်ထောင်မှုသည် တစ်နှင့်တစ်ပေါင်း နှစ်မဖြစ်ဘဲ တစ်ဖြစ်အောင် ပေါင်းရသော ပြဿနာပင်ဖြစ်၍ နှစ်ယောက်ပေါင်းတွင် တစ်ကျိုးတစ်စီးပွား-တစ်အလိုဖြစ်အောင် ညီညွတ်ပြေလည်မှု ရှိရပေမည်။

ထိုသို့ပြေလည်ရန်အတွက် ပြင်ပအရည်အချင်းထက် ပင်ကို

mgyoe.com

mgyoe.com


ဆက်ဆံရေး၊ စိတ်သဘော၊ ကိုယ်ကျင့်တရား၊ ဝါသနာ စသည်တို့တွင် မိမိအလိုနှင့် ဖီလာ ဆန့်ကျင်မဖြစ်အောင် ရွေးရခြင်းပင် ဖြစ်လေသည်။ မိမိက တူရိယာဝါသနာပါ၍ မယားက တူရိယာရွံမုန်းသူ သက်သက် ဖြစ်နေလျှင် အိမ်ထောင်မှု၌ သာယာစိုပြည်ခြင်းရှိမည် မဟုတ်ပေ။ လင်၏ စိတ်သဘော ကိုယ်ကျင့် ဝါသနာမှာ မယားနှင့်တူသော်တူမှ-မတူသော် ဆန့်ကျင်ဘက်မဖြစ်စေမှသာ အချင်းချင်းပြေလည်နိုင်၏။ တစ်ယောက်အလို တစ်ယောက်လိုက်နိုင်စေကာမူ စိတ်မချမ်းသာမလိုလားဘဲ ဆန့်ကျင်၍ လိုက်ရခြင်းမှာ သုခအစစ်ကို မပေးပေ။ တစ်နေ့တွင် ပေါက်ကွဲရမည့် စိတ်မချမ်းသာမှု အနုစားများသာ ဖြစ်လေသည်။

လင်နှင့်မယားသည် တစ်ကိစ္စ တစ်နေရာ၌သာ ညီညွတ်မျှတ ကျေနပ်တိုက်ဆိုင်ခြင်းရှိရမည် မဟုတ်ပေ။ စားရာသွားရာ၊ နေရာ၌ ထိုင်ရာ၊ ပျော်ရာ အလုပ်လုပ်ရာမှအစ အချိန်ရှိသမျှတစ်ဦးနှင့် တစ်ဦး ဆက်ဆံရသမျှတွင် ပြေလည်မှသာ အိမ်ထောင်ရေးသုခအစစ်ကို ရနိုင်ပေသည်။ တစ်နေရာသာယာမှုသည် အိမ်ထောင်၏သုခအစစ်မဟုတ်ပေ။ တစ်နေရာ တစ်ကိစ္စ သုခမျှသာ အရေးထားပါမူ အိမ်ထောင်သည် ခြောက်သွေ့ညှိုးနွမ်း၍ ထိုတစ်ကိစ္စ၌ပင် သုခပျောက်ကွယ်ရတတ်လေသည်။ ထို့ကြောင့် အစဉ်ဆက်ဆံ၊ အစဉ်ညီညွတ် အစဉ်တိုက်ဆိုင်နေရန် ဉာဉ်တူ-ဝါသနာတူ စိတ်သဘောတူသူကို ရွေးချယ်ရန်လည်း လိုလေသည်။

ဤတွင်ဂုဏ်ကြောင့်လည်းကောင်း စာရိတ္တရိုးသားမှု ပညာအရည်အချင်း စသောအပြင်ပန်းလှပမှုများအရ သတို့သားနှင့် သတို့သမီးတို့ကို မတွေ့မြင်မရင်းနှီးဖူးဘဲ စေ့စပ်တွေ့ဆိုင်ပေးစားကြခြင်း၏အမှားများကို လောကသင်ခန်းစာတွင် အများအပြားတွေ့ရလေသည်။ ၎င်းမှာ အိမ်ထောင်ရေး၏သဘောတရားကိုမယူဘဲ အိမ်ထောင်ဆက်ဆံရေးကို

mgyoe.com

mgyoe.com


ပေါ့ဆစွာ သဘောထားတတ်ကြခြင်းကြောင့်သာ ဖြစ်လေသည်။ ဤသို့ မျက်ကန်းတိုး–တိုးမိသော အိမ်ထောင်များ အလိုက်သင့်သဖြင့် မြဲမြံသည်လည်း ရှိပေမည်။ သဘောတူ စိတ်တူပေါင်းဖက်ခဲ့ပါလျက် ကွဲပြဲရသော အိမ်ထောင်များလည်း ရှိပေမည်။ သို့ရာတွင် ၎င်းမှာ ကြုံထပ်တိုက်ဆိုင်မှုမျှသာဖြစ်၍ ရာခိုင်နှုန်းအများ မဟုတ်ပေ။ ဆက်ဆံရေးတွင် နှစ်ဦးကျွမ်းကျင် သိမြင်ပါမူ–ကွဲကွာရန် အကြောင်းမရှိပေ။ ထိုသို့မသိပါမူ အနည်းငယ်အကြောင်းမျှဖြင့်ပင် ကွဲတတ်လေသည်။

ရှေးကသုံးနှစ်သုံးမိုး ပိုးရသောအလေ့၊ ချွေးမ–သမက်လောင်းများ နှိုက်ချွတ်စစ်ဆေးတတ်သည့်အလေ့၊ လူငယ်ချင်းရင်းနှီးစေသည့်အလေ့တို့မှာ ထက်ကြပ်အတုခိုးဖွယ် မဟုတ်စေကာမူ အရှည်ပေါင်းရမည့် အိမ်ထောင်ရေးတွင် သဘောထားရင့်ရင့်–ဉာဏ်ထက်ထက်နှင့် ကြိုတင်စီမံပေးခြင်းဖြစ်သဖြင့် စနစ်ကောင်းဟုပင် ဆိုရပေမည်။

မိန်းမပျိုနှင့် ယောကျ်ားပျိုတိုင်း ရည်းစားအဖြစ်ဆက်ဆံပြီးမှ အိမ်ထောင်ပြုရမည်ဟုမဆိုလိုသော်လည်း အိမ်ထောင်ဖက်အဖြစ် မတွဲစပ်မီ၊ စိတ်နေစိတ်ထား–ကိုယ်ကျင့်ဝါသနာမှစ၍ တစ်ဦးကိုတစ်ဦး အပြန်အလှန်လေ့လာခွင့်ရအောင် စည်းကမ်းကျင့်ဝတ်၊ ရှိသေစောင့်ထိန်းစွာဖြင့် ရင်းနှီးဆက်ဆံခွင့် ရရှိရန်လိုလေသည်။ အမေရိကန်–အင်္ဂလန်စသော ဥရောပနိုင်ငံများတွင် အိမ်ထောင်ဘက် ရွေးရာတွင် ထိုသို့ ဆက်ဆံလေ့လာခွင့်ယူကြပေသည်။ ၎င်းမှာ–ရိုးဖြောင့်လိမ္မာစွာဖြင့် အိမ်ထောင်၏ တစ်သက်တာဆက်ဆံရေးအတွက် အရေးထားစိတ်စိုးရိမ်ကြောင့်ကြစိတ် အသိအမြင်များ ပွင့်လင်းနိုးကြားစေလျက် တရားလွန် လွတ်လပ်ခွင့်မျိုး မပေးပါမူကား မှောက်မှားဖွယ်ရှိမည်မဟုတ်ပေ။

မည်သို့ပင်ဖြစ်စေ လင်ကောင်းသည် မိမိအိမ်ထောင်ဖက်ရွေးမည့် မိန်းမကို ချစ်ရုံ–ကြိုက်ရုံဖြင့် မပြီးစေဘဲစုံစမ်းလေ့လာရပေမည်။ အရှမ်း

mgyoe.com

mgyoe.com


ကြိုက် အမြင်နှင့် ကြိုက်သောအလေ့မျိုးမရှိအပ်ပေ။ ထိုအလေ့မှာ တဏှာ၏ အကြောင်းရင်းသာဖြစ်၍ သဒ္ဓါ၊ တဏှာ၊ စေတနာ ရောပြွန်းရာ အိမ်ထောင်ရေး၏ အကြောင်းရင်း၊ လိုအပ်ချက် မဟုတ်ပေ။ သိပြီးမှ ကြိုက်ခြင်းဖြင့်သာ ကြိုက်ရသည့်ဘဝတွင် အမှားမတွေ့နိုင်ဘဲ ခရီးကို လည်းမတိမ်းမစောင်းမီဆင်ခြင်နိုင်ချိန်နိုင်မည် ဖြစ်လေသည်။ ကြိုက်မိသည့်ဘဝ ရည်မှန်းမိသည့်ဘဝတွင် ထက်သန်စိတ်ပြင်းပြနေပါမူ အမှန်ကို စူးစမ်းလေ့လာရန် ခက်ခဲ၍လမ်းမှားကို အမှန်ထင်တတ်ပေသည်။ ထို့ကြောင့် ဉာဏ်အလင်းရောင်တွင်တဏှာမောဟ မဖုံးပိတ်မိဝါ မဖုံးပိတ်အောင်တွန်းဖယ်လျက် အိမ်ထောင်ဖက်၏ အရည်အချင်း အကျင့်အနေကို လေ့လာစူးစမ်း၍ ရွေးချယ်ရပေမည်။

စူးစမ်းရာတွင် မိမိလိုလားသော အရည်အချင်း ရှိမရှိ၊ ၎င်း၏ အရည်အချင်းအဖြစ်အနေကို မိမိမြတ်နိုးနိုင် မမြတ်နိုးနိုင်ကို အိမ်ထောင်တည်မြဲမှုကိုသာ အကြောင်းပြု၍ ရွေးချယ်ရန် လိုလေသည်။ မိမိအကျိုးနှင့် မသက်ဆိုင်သောအရာများကို လေ့လာစိတ်မောနေဖွယ် မရှိပေ။ ပင်ကိုအကျင့်စာရိတ္တပျက်မှု မိုက်မှားမှု။ ကံအကြောင်းမလှမှုအားဖြင့်လည်း၊ ချို့ယွင်းချက်ကို ခွဲစစ်၍ ပြုပြင်ရနိုင် မရနိုင်အကျိုး နစ်နာနိုင်–မနစ်နာနိုင်ကို ချင့်ချိန်ရပေမည်။ လေ့လာရာတွင် မျှတသန့်စင်စေရမည်။ ပရိယာယ်လိမ္မာပါးနပ်မှု အရလည်းဖြစ်ပေမည်။ တစ်ဖက်သတ် အထင်နှင့် ဆုံးဖြတ်ခြင်းမျိုးကား မဖြစ်ရပေ။

အိမ်ထောင်ဖက်ရွေးမှုတွင် လွတ်လပ်ပွင့်လင်းမှုရှိရန် လိုလေသည်။ မိန်းမယောကျ်ားတို့၏ တစ်သက်တာတွင် အများအားဖြင့် လင်တစ်ယောက် မယားတစ်ယောက်ယူကြရမည်ဖြစ်ရာ အချိန်အရွယ်ရောက်လျှင် အိမ်ထောင်ရေးပြဿနာကို မဆောင်ရွက်စေကာမူ မတွေးဘဲ မပြင်ဆင်ဘဲ ဖယ်ရှား၍ မရပေ။ မလိုသေးဘူး... စိတ်အနှောင့်အယှက်ဖြစ်မှာပဲဟူ၍

mgyoe.com

mgyoe.com

တွေးတောကာ... တစ်နေ့လှမ်းဝင်ရမည့်အိမ်ထောင်ရေးကို ကြိုတင် မျှော်မှန်းရွယ်ဆခြင်း မပြုဘဲ မနေသင့်ပေ။

တစ်နေ့တွင်... ငါဘယ်လိုအိမ်ထောင်ဘက်မျိုးကို ရွေးမယ်ဟူသော အိမ်ထောင်ရေး ရည်စူးချက် ရှိရပေမည်။ အရာရာတွင် ရည်စူးချက် ပန်းတိုင်ရှိအပ်လျှင်၊ အိမ်ထောင်ရေးကဲ့သို့ တစ်သက်တာအရေးတွင်... အဘယ်ကြောင့်မရှိရပါအံ့နည်း။ အိမ်ထောင်ရေးကို မတွေးဝံ့၍ မကြံဝံ့၍ သန့်ရှင်းစွာ လမ်းစဉ်ချမပြဝံ့ခြင်းမှာ အိမ်ထောင်ကိစ္စကို သာမန်ချစ်ရေးကြိုက်ရေး ကာမအရေး အဖြစ်သဘောထားခြင်းကြောင့်သာ ဖြစ်ပေမည်။ ကြိုတင်ရည်စူးချက်ရှိမှလည်း ရွေးချယ်ရာတွင် မက်လုံးဖော်နိုင်၍ အလိုက်သင့် အကြိုက်သင့်ကို ရွေးနိုင်မည်ဖြစ်လေသည်။ တိုတောင်းသော အချိန်အပိုင်းအတွက် ဝတ်ဆင်မည့်အဝတ်အထည်ကို ရွေးချယ်ရသေးလျှင်၊ တစ်သက်တာ အိမ်ထောင်ဘဝအတွက် လင်မယားတို့ကို အဘယ်ကြောင့်မရွေးဘဲ လက်ခံနိုင်ပါမည်နည်း။

မယားရွေးချယ်ရာတွင် လင် မိမိအလိုပြည့်တိုက်ဆိုင်မှုအတတ်ပညာတစ်လမ်းတည်း မထားသင့်ပေ။ လူတိုင်းကိုယ်ကျိုးမျှသာကြည့်နေလျှင်၊ ထိုလူချင်းချင်းပေါင်းဖွဲ့၍ရနိုင်တော့မည် မဟုတ်ပေ။ ထို့ကြောင့် လင်သည် မိမိအလိုအတွက် တစ်ဖက်မှကြည့်ရာတွင်...။ မိမိမယားလောင်းအတွက် သူမက ကြည့်သည် အင်ကိုလည်း ကြည့်ရပေမည်။ သူမ၏လိုအပ်ဖြည့်နိုင်ရန်လည်း ကြိုးစားရပေမည်။ သူမသည် အဘက်ဘက်မှ အရည်အချင်းပြည့်ဝရန် မလွယ်ကူပေရာ၊ မိမိလိုသောဘက်၌ ပြည့်ဝခဲ့လျှင်၊ ကျန်လိုသော ချို့တဲ့မှုကိုလည်း မိမိအရည်အချင်းဖြင့် ဖြည့်တင်းပေးရန် ရည်စူးချက်ရှိရပေမည်။

မယားယုံ၍ မယား၏ပြုစုမှုကိုသာ ခံယူရမည်မဟုတ်။ မိမိကလည်း ယုယရပေမည်။ ယုယခံလိုသူကို မိမိကယုယနိုင်မှလည်း ရွေးရ

mgyoe.com

mgyoe.com


ပေမည်။ အဝတ်အစား အပျော်အပါး၌ ဇီဇာချဲ့တတ်သော မယားမျိုးကို တပ်မက်ရွေးချယ်မိလျှင် မိမိကလည်း ထိုမယား၏အကြိုက် အလိုကို ပြည့်နိုင်ရပေမည်။ စင်စစ်အရည်အချင်းကိုသာ ကြည့်၍ ရွေးရန်မဟုတ်ဘဲ၊ ချို့တဲ့မှု လိုလားမှုနှင့် မိမိဖြည့်စွမ်းနိုင်သော စွမ်းရည်ကိုလည်း ချင့်ချိန်ရန်လိုလေသည်။

လင်နှင့်မယားသည် အပေးအယူ ဆက်ဆံရေးဘဝဖြစ်ရာ၊ အမြတ်ထုတ်ရန် မယားယူခြင်းမဟုတ်ဘဲ၊ လူ့ဆက်ဆံမှုအရ အချင်းချင်းပေါင်းဖွဲ့ကူညီရသော လောကီနိယာမနှင့် ဗြဟ္မစိုရ်မေတ္တာတရားကို အခြေခံထားရမည် ဖြစ်လေသည်။ ထို့ကြောင့် မိမိကအလိုဖြည့်ရန် အမှီခိုခံရန် အလိုလိုက်ရန်စသည်တို့ကို ထည့်တွက်ရပေမည်။ မိမိ၏ အိမ်ထောင်ဖက်ဖြစ်သော မယားအပေါ်၌ အမှီခိုခံရခြင်းအလိုလိုက်ရခြင်းတို့မှာ အရှုံးမဟုတ်ပေ...။ မိမိအတွက် အမြတ်အလို့ငှာ အရင်းအနှီးမျှသာ ဖြစ်လေသည်။

ထိုသို့ မိမိဘက်မှတာဝန်အရ မိမိက မငြိုမငြင်အလိုလိုက်ဆက်ဆံနိုင်မည့်သူကို ရွေးရန်မှာလည်း အထူးပြောဖွယ်မလိုပေ။ မိမိသည် စိတ်အမျိုးမျိုး၊ ဝါသနာအမျိုးမျိုး သဘောအမျိုးမျိုးရှိသူတို့ကို မည်သို့ပင်ရှိရှိ တစ်သမတ်တည်း ဆက်ဆံသွားနိုင်ပါမည်လော။ မဆက်ဆံနိုင်ပေ၊ ဆက်ဆံနိုင်မည်ဖြစ်ခြင်းမှာ မိမိကိုယ်ကို လှည့်စားခြင်းမျှသာ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့်... မိမိက အလိုလိုက်အကြိုက်ဆောင်ကာ တစ်သမတ်တည်း ထားနိုင်မည့်အရည်အချင်းမျိုး သူမတွင်ရှိရန်လည်း ထည့်တွက်ရွေးချယ်ရပေမည်။

မိန်းမကောင်း အရည်အချင်းထက် မယားကောင်းအရည်အချင်းကို သိရပေမည်။ ၎င်းမှာ မိမိအလိုဟူသမျှ ဖြည့်စွမ်းကူညီနိုင်သော အရည်အချင်းပင် ဖြစ်ရာ မိမိ၏ပင်ကိုစိတ်ဝါသနာအလို တပ်မက်လိုလား

mgyoe.com

mgyoe.com

မှုကို ဆန်းစစ်လိုက်လျှင် မယားလောင်း၏ အရည်အချင်းများ ပေါ်လာနိုင်ပေသည်။ အိမ်ထောင်ဘက်ရွေးချယ်ခြင်းမှာ ကိုယ်တွေ့မကြုံရသော ဘဝပြဿနာများကို ဖြေရှင်းရန်ကြိုတင်ရမ်းရော်တွက် ချက်ခြင်းမျှဖြင့်သာ ပန္နက်ရိုက်ရပေရာ၊ စေ့စပ်သေချာ ရေရာခိုင်လုံမှသာ မှားယွင်းပျက်ချော်မှုမှ ကင်းလွတ်နိုင်လေသည်။

ထိုသို့ရွေးချယ်ရာတွင် ဟန်ဆောင်အရေခြုံ အရည်အချင်းမျိုးနှင့် ပင်ကိုအရည်အချင်းမျိုးကိုလည်း ခွဲစစ်ရပေမည်။ မရှိဘဲရှိဟန် မပြည့်ဘဲပြည့်ဟန်ဆောင်သော ဟန်ဆောင်အရည်အချင်းကို ယုံကြည်မိပါမူ၊ ဘဝတစ်လျှောက်လုံး နစ်မွန်းနိုင်လေသည်။ မိမိ၏မယားလောင်းသည် တကယ်ပင်မိမိလိုလားသော အချက်များနှင့် ပြည့်စုံပါသလောဟု ရေရေရာရာစူးစမ်းမှသာ အလိမ်မခံရဘဲရှိပေမည်။ လောက၌ အဘက်ဘက်တွင် အလိမ်အတုရှိရာ အိမ်ထောင်ဖက်ရွေးပွဲ၌လည်း ရွှေရည်စိမ် အလိမ်အတုများရှိမည်သာပင်။

မယားဖြစ်သူအတွက် အတိတ်နှင့်ပစ္စုပ္ပန် ကိုယ်ကျင့်တရား။ ပညာအရည်အချင်း၊ ရုပ်ရည်စိတ်သဘော၊ အသက်အရွယ်၊ ဆွေမျိုးသားချင်း၊ မျိုးရိုးစဉ်လာ၊ ဘာသာအယူဝါဒ၊ ဝါသနာလေ့လာမှု၊ အိမ်ထောင်မှုအတတ်၊ တတ်သိလိမ္မာမှု၊ ပေါင်းသင်းဆက်ဆံမှု၊ ဥစ္စာပစ္စည်းအခြေအနေ၊ ကျန်းမာရေး၊ မေတ္တာစေတနာစသော အချက်အလက်များ၌ ပြည့်စုံ၍ အလိုအကြိုက်နှင့်ပြေလည် ညီညွတ်စေရန် လိုလေသည်။ ထိုအရည်အချင်း အရပ်ရပ်အနက် မိမိအကျိုးမပျက်စီးစေနိုင်သော ချို့တဲ့မှု သွန်သင်၍ ရနိုင်ကောင်းသော ချို့တဲ့မှုကို ခွင့်လွှတ်၍ အလိုအပ်ဆုံး ပြည့်စုံမှုကိုလည်း တစ်ခုခုတွင် သတ်မှတ် ရည်မှန်းရပေမည်။ မိမိနှင့်လိုက်လျောစွာပြည့်စုံစေရန်လည်း ဖြစ်ရပေမည်။ အတော်အသင့်ရာခိုင်နှုန်းအများအားဖြင့် ပြည့်စုံလျှင်ပင် မယားကောင်းဖြစ်နိုင်လေသည်။

mgyoe.com

mgyoe.com


အဓိက အရည်အချင်းသည် ဖော်ပြခဲ့သည့်အတိုင်း ပင်ကိုအရည်အချင်း သာရမည်ကိုလည်း သတိပြု၍ ရွေးချယ်ရပေမည်။

အမှန်အားဖြင့် မိမိက အလိုကျရွေးချယ်နိုင်ရန် မိမိသည် ထိုသို့ ရွေးချယ်ခွင့်ရသည့် အဆင့်အတန်း၌ အရည်အချင်းပြည့်ဝရပေမည်။ ၎င်းအရည်အချင်းမှာ မိမိရွေးချယ်ခြင်းကို ခံလိုသူ အရွေးခံမည့်သူပေါ များလောက်အောင် မိမိက ကိုယ်ခံသက်လုံပြည့်ဝခြင်းပင်ဖြစ်၍ အများ ထဲကမှ အနည်းအတော်ဆုံးလူကို ရွေးနိုင်ခွင့်ရမည်ဖြစ်ရာ မိမိနှင့် တန်ရာ တန်ရာသာ ရွေးချယ်မိနိုင်သည်ကိုလည်း မမေ့သင့်ပေ။ အကောင်းဆုံး အရည်အချင်းဖြည့်ခြင်းသည် အကောင်းဆုံးရွေးချယ်ရန် ပြင်ဆင်ခြင်းပင် ဖြစ်လေသည်။

□

mgyoe.com

mgyoe.com

# လင်ကောင်းတို့တာဝန်ဝတ္တရား

အရည်အချင်းနှင့် ပြည့်ဝသော လင်ဖြစ်ခြင်းသည် ရှေးဦးဆုံးသော လင်၏တာဝန်ဝတ္တရား အချုပ်ပင်ဖြစ်လေသည်။ ထိုသို့ အရည်အချင်းနှင့် ပြည့်ထားမှလည်း လင့်ဝတ်တာဝန်ကို အကျေပွန်ဆုံး ထမ်းဆောင်နိုင်ပေမည်။ သို့မဟုတ်လျှင် သိလျက် ကျင့်လိုလျက်နှင့် လက်တွေ့ထမ်းဆောင်ဖြည့်တင်းနိုင်တော့မည်မဟုတ်ပေ။

ဘုရားဟော သိင်္ဂါလောဝါဒသုတ်တွင် လင့်ဝတ်ငါးပါးတွင်...

မထိမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးအင်၊ အိမ်ရှင်လင်ကျင့်ရာဟူ၍ ပါရှိလေသည်။

၎င်းတွင်... မယားအပေါ် ပြုကျင့်အားထုတ်ရန်နှင့် စောင့်စည်းထိန်းသိမ်းရန် တာဝန်ဝတ္တရားနှစ်ရပ်ကို ဖော်ပြထားလေသည်။

လင်သည် မယားအပေါ်၌ ငါသာ အိမ်ရှင်-ငါသာကာမပိုင်ရှင်သခင်ဖြစ်သည်ဟူသော မာန်မာနနှင့် မယားကို မထိမဲ့မြင် မပြုအပ်ပေ။ မယားသည် လင်၏အကြည်ညိုမခံရသည်ကို အရေးမထားသော်လည်း

mgyoe.com

mgyoe.com


မိမိအား မယားအနေမှ ယုတ်နိမ့်သော အစေခံအညံ့စားသဖွယ် သဘောထားသည်ကို မခံလိုပေ။ ထိုသို့ မထီမဲ့မြင်ပြုမှုခြင်းမှာ အကြင်နာမေတ္တာအားနည်းကြောင်းပြခြင်းပင်ဖြစ်၍ မယားသည် အခံရအခက်ဆုံးသာဖြစ်လေသည်။ ထိုသို့သော အမှုသည်အိမ်ထောင်၏ပြိုကွဲခြင်းကိုဖန်တီးနိုင်ပေရာ စော်ကားရာရောက်သော အမူအကျင့်မပြုအပ်ပေ။

လင်အပေါ်တွင် မယားသည် မေတ္တာသန့်သန့်ဖြင့်လည်း ချစ်၏။ သံယောဇဉ်ဖြင့်လည်း ချစ်၏။ တဏှာ ကာမနှင့်လည်း ချစ်၏။ ထိုအချစ်သုံးပါးလုံးတွင် မိမိလင်အား အခြားသောမိန်းမနှင့် မိမိကဲ့သို့ ထပ်တူထပ်မျှ မေတ္တာသက်ဝင်လိုက်စားခြင်းကို သည်းမခံနိုင်ပေ။ ဤဆင်းရဲသည် မုန့်ကိုသာ ဝေစားမည်ဟူသော မိန်းမတို့အတွက် အဆင်းရဲကြီးဖြစ်၏။ ထိုသို့ ဖောက်ပြန်ကျူးလွန်မှုသည် မည်သည့်အကြောင်းကြောင့်မျှပင်ဖြစ်စေ မိမိမယားအပေါ်တွင် ကြင်နာမှု မေတ္တာသံယောဇဉ်အားယုတ်သွားသည်ဟု မှတ်ယူကြ၏။ စီးပွားလာဘ်လာဘကာမ, အခွင့်အရေးကြောင့်သာမဟုတ်၊ ပင်ကိုသန့်စင်သောစိတ်၌ပင် ဝမ်းနည်းခြင်း၊ ပူဆွေးခြင်း သောကရောက်ခြင်း စသည့်မခံမရပ်နိုင်သော ဆင်းရဲခြင်းမျိုး ဖြစ်နိုင်၏။ အခြားတပ်မက်တွယ်တာမှုများအတွက်မူ ပြောဖွယ်မရှိအောင် ညှဉ်းပန်းမှုပင် ဖြစ်၏။

မြန်မာနိုင်ငံတွင် ဥပဒေအရ သိသိသာသာ ခွင့်ပြုသောအမြှောင်စနစ်မရှိပေ။ အမြှောင်မယား ထားသင့် မထားသင့်မှာ လူဆက်ဆံရေးလောက်နှင့် လူတို့နေထိုင်မှုအဆင့်အတန်းစိတ်ပညာနှင့် လောကပတ်ဝန်းကျင် ဖန်တီးမှုများ၌ အခြေတည်သဖြင့် အလွယ်နှင့် ဆုံးဖြတ်အဖြေ ပေးရန် မဖြစ်နိုင်ပေ။ သို့ရာတွင် မယားတစ်ယောက်ကိုမျှ ပြည့်တင်းကျေနပ်အောင် မြှောက်စားအရေးပေးခြင်းမပြုနိုင်ဘဲ အမြှောင်ထားခြင်းမျိုးကိုမူ မည်သည့်နည်းမျှ ခွင့်မပြုသင့်ပေ။ ထိုသို့ လော်လီဖောက်ပြား

mgyoe.com

mgyoe.com

သည်နှင့်တစ်ပြိုင်နက် အကျိုးစီးပွားလာဘ်လာဘကို အရေးမထားနိုင်ခြင်း၊ စိတ်ထွေပြားခြင်း၊ ဂတိလိုက်စားခြင်း၊ အပြစ်ရှာလွယ်ခြင်း စသော အပြစ်အဆိုးများ ပေါ်ပေါက်လာလျက် အိမ်ထောင်၏ချမ်းမြေ့မှု ပျောက်ကွယ်တတ်ပေရာ၊ အကျိုးအကြောင်းအားဖြင့်ပင် မသင့်ပေ။ လူအမျိုးမျိုး စိတ်အဖုံဖုံ ဆက်ဆံရေး အထွေထွေရှိရာ နှစ်ကိုယ်တစ်စိတ်ပင် ခဲယဉ်းရာမှ သုံးကိုယ်–လေးကိုယ်တစ်စိတ်မှာ အလွန်ခဲယဉ်းလှ၍ အဆင်ပြေနိုင်ဖွယ်မရှိပေ။ မည်မျှပင် ပြင်ပအထောက်အခံ အခြေအနေအားကောင်းစေကာမူ တည့်မတ်သော အိမ်ထောင်ရေးကို မဖန်တီးနိုင်ပေ။ တန်းတူညီမျှ ပျော်ရွှင်မှု မပေးစွမ်းနိုင်ပေ။ မျှတသောစိတ်၊ ကိုယ်ကျိုးမကြည့်သောစိတ်တို့သာရှိပါမူ၊ အမြှောင်စနစ်ကို လိုလားနိုင်လိမ့်မည်မှ မဟုတ်ပေ။

အမြှောင်ထားခြင်းမှ တစ်ပါး သူတစ်ပါးသမီးပျို၊ အခြားလင်ရှိ–လင်မဲ့၊ မိန်းမတို့ကို တာဝန်မဲ့ကျူးလွန်လိုက်စားမှုမှာလည်း ကိုယ်ကျင့်တရား အသွယ်သွယ် ပျက်စီးရာလမ်းပင်ဖြစ်၍ မလိုလားအပ်သော ကာမတဏှာသည် အမိုက်မောဟကိုသာ အားဖြည့်ပေရာ၊ အိမ်ထောင်မှု၏ တစ်ဖက်သောလမ်းသို့သာ ဦးတည်နေပေသည်။ ထိုအမူအကျင့်တို့နောက်တွင် အကျိုးပျက်စီးစရာ လမ်းများကား အသွယ်သွယ်ဖြစ်လျက်၊ ထိုလမ်းမှားတို့၏သော့ချိတ်သည် မိုက်မှားသောကာမဂုဏ်တရား၌ စုဆုံရာ အမှားမှာ အဆိုးအဖြစ်သို့ ထိန်း၍မရအောင် အကျကြီးကျသွားလိမ့်မည်သာ ဖြစ်ပေသည်။ မိမိမနိုင်သော ဝန်ကိုမထမ်းဘဲ ရှောင်ရပေမည်။ မိမိအပေါ်၌တာဝန် မတင်ရှိစေကာမူ တာဝန်တင်ရှိတော့မည့်ဆဲဆဲ အပြစ်ကို လက်လှမ်းမကြိုသင့်ပေ။ သူတစ်ပါး၌ အကျိုးမဲ့စေသော မိမိပယောဂသည် လောကီရေးတွင် မိမိအကျိုးမဲ့ကို ဖန်တီးတော့မည်မှာ မလွဲပေ။

mgyoe.com

mgyoe.com


ထိုမှတစ်ပါး အင်္ဂါအညာတာဝန်လွှတ် ပြည့်တန်ဆာနှင့် လိုက်ခြင်းသည်လည်း လိုသည်ထက် ပိုသောမိုက်မှားမှုပင်ဖြစ်ရာ အခြားအကျိုးအပြစ်ကို မကြည့်မူဘဲ၊ ကျန်းမာရေးဘက်မှ အနာဂတ်သားမြေးအနွယ်ထွန်းကား တိုးတက်ရေးဘက်မှကြည့်လျှင်ပင်၊ အပြစ်ဆိုး အနာဆိုးများကို ကြောက်ခမန်းလိလိ မျက်မြင်ထင်ရှားတွေ့နိုင်မည် ဖြစ်လေသည်။ လူသည် ကာမဂုဏ်သုခကို လိုပေသည်။ ထိုသုခကို ကောင်းမွန် ထိုက်လျောက်စွာရှိရန်မှာ အိမ်ထောင်တည်မြဲမှုပင်ဖြစ်၍ အိမ်ထောင်ရေးသုခသည် အားလုံး၏သရဖူပင် ဖြစ်တော့သည်။ သို့ဖြစ်ရာ ထိုသုခအောက် ယုတ်သောအပြစ်အန္တရာယ်ပိုင်းရုံသည့် အယောင်ဆောင် သုခကိုအဘယ်ကြောင့် ရှာဖွေတော့မည်နည်း။ စင်စစ် အိမ်ထောင်သုခကို မရှာဝံ့၊ မရှာရဲ၊ မစွမ်းဆောင်နိုင်သော လူသူရဲဘောကြောင်သူတို့၏ နစ်မွန်းရာဌာနမျှသာဖြစ်ရာ အိမ်ထောင်ရှင် လင်ကောင်းတို့ မျက်စောင်းထိုးအပ်သော အရပ်မဟုတ်ပေ။

ထိုကြောင့် မိမိမယားမှတစ်ပါး ဖောက်ပြန်လွန်ကျူးမှုဟူသော ကာမ မိစ္ဆာ အကျင့်ယုတ်တရားကို ပယ်ရှောင်စောင့်စည်းရန်မှာ အကယ်ပင်လိုအပ်သောလင်၏ စောင့်စည်းမှုတစ်ရပ်ဖြစ်၍ အိမ်ထောင်ရေး၏သော့ချက်ပင် ဖြစ်လေသည်။

လင်သည် မယားအပေါ်၌ စောင့်စည်းမှုများအပြင် ကျင့်ဆောင်မှုတာဝန်လည်းရှိပေရာ… ၎င်းတို့အနက် အပ်နှင်းဥစ္စာ ဝတ်စားဆင်ယင်မြတ်နိုးကြင်စသော ကျင့်ဝတ်များ ပါရှိလေသည်။

လင်သည် မိမိသာ ရှာဖွေလုပ်ကိုင်၍ စီးပွားဥစ္စာကို ဖန်တီးသူဖြစ်စေကာမူ… အိမ်ထောင်ဘဝတွင် လင်နှင့်မယားသည် သူပိုင်– ငါပိုင်ဟု မခွဲခြားဘဲ၊ ကံတူအကျိုးပေးနှစ်ဦးလုံး ပိုင်ဆိုင်ရမြဲဖြစ်သည့်အတိုင်း၊ ရှာဖွေရသမျှကို မိမိမယားအား ယုံကြည်စွာ အပ်နှင်းရပေမည်။ လင်က

mgyoe.com

mgyoe.com

မယားၶ၏ ယုံကြည်ခြင်းကို မခံရပါမူ မယားဖြစ်သူအဖို့တွင် အိမ်ထောင်၏ အရသာကိုခံစားရလိမ့်မည်မဟုတ်ပေ။

သို့ရာတွင်… မယားအား ပစ္စည်းအပ်နှံရေးနှင့်ပတ်သက်၍ လင်သည် သတိကြီးစွာဖြင့်ဆောင်ရွက်ရန်၊ အချက်များရှိလေသည်။ ၎င်းမယားဖြစ်သူသည် မိမိရှာဖွေဆည်းပူးရသမျှ ဥစ္စာပစ္စည်းကို မွန်မြတ်လေးစားခြင်းဖြင့် ကောင်းစွာ ထိန်းသိမ်းနိုင်သူဖြစ်မဖြစ်ကို စိစစ်၍ ထိန်းသိမ်းနိုင်အောင် သွန်သင်ရပေမည်။ အိမ်ထောင်အတွက် အသုံးအဖြုန်း အစုအဆောင်းကို ကျေပွန်နားလည်ရန် ချွေတာခြင်းနှင့် စေးနဲခြင်းကို ခွဲခြမ်းဆင်ခြင်တတ်ရန်လည်း ကွပ်ကဲကြပ်မတ်၍ ညွှန်ပြရပေမည်။ ကျွမ်းကျင်လိမ္မာသော မယားဖြစ်ပါမူကား… မိမိအတွက် ဘာမျှ ဝန်လေးဖွယ်မရှိဘဲ၊ မျက်နှာလွှဲအပ်နှံရုံသာ ရှိပေမည်။

ဤသို့သော အရေးတွင် လင်၌ ပစ္စည်းအပ်ရမည့် ဝတ္တရားရှိသည့်အတိုင်း… မယားသည် မျက်နှာလွှဲရအောင် သိပ်သည်းကျစ်လျစ် ကျွမ်းကျင်တတ်သိသော အိမ်ရှင်မကောင်းဖြစ်ရန် အထူးအရေးကြီးလေသည်။ လင်သည် လောကဝတ်–မိတ်ဆွေသင်္ဂဟဝတ်နှင့် ကိုယ်ရေးကိုယ်တာ လိုရာဆန္ဒအတွက် အသေးအဖွဲ အနည်းအပါး ငွေကိုင်ခံ၍ သုံးစွဲရန်ရှိသည်ကိုလည်း… မယားသည် နားလည်စေရမည်။ လင်မှာ တစ်ပြား–တစ်ပဲကအစ မယားထံမှပြန်၍ တောင်းယူနေနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ငွေကိုအနည်းငယ် ကိုင်ခံသုံးစွဲခြင်းကို အရာဌာနအလျောက် မယားဖြစ်သူသည် ငြိုငြင်အထင်လွဲခြင်းမရှိအောင် ပြောပြနားလည်စေရပေမည်။ သို့ရာတွင် မယားသိစေသင့်သလောက်အသိပေးရမည်ဖြစ်၍ မယားကိုယ်တိုင် ကြည်ဖြူယုယစွာ ပြန်၍ခွဲဝေပေးကမ်းခြင်းဖြင့်သာ ငွေကိုကိုင်ခံ သင့်ပေသည်။ မယားသည် မည်မျှပင် စေးနဲ တွန့်တိုစေကာမူ အကြောင်းသင့်ရာ၌ လင်၏အလိုဆန္ဒကို မလိုက်လျော

mgyoe.com

mgyoe.com


ဘဲနေမည်မဟုတ်ပေ။ မယားအပေါ် ရိုးသားဖြူးဖြောင့်စွာဖြင့် ပေးခြင်း ယူခြင်းပြုရပေမည်။

အချို့လင်ယောက်ျားသည် မယား၏ စေးနဲ့တွန့်တိုမှု၊ အသုံးဖွာမှု၊ ထွက်ပေါက်များမှု-စသော ချို့ယွင်းချက်များကြောင့် ငွေကြေးမအပ်နှံခြင်း၊ သို့မဟုတ် ကဲ့ဂုက်လိမ်လည်ခြင်းတို့ ပြုတတ်လေသည်။ အချို့လည်း အကြောင်းမမှုသော အပြင်စရိတ်ပိုများကြောင့် ကဲ့ဂုက်တတ်ပေသည်။ ၎င်းမှာ မသင့်သောအမူအကျင့်သာဖြစ်၍ မလိမ္မာသော မယားကို လိမ္မာအောင် သွန်သင်ပေးရန်နှင့် မိမိ၏အပြစ်အမှားကို ဆင်ခြင်စွန့်ပယ်ကာ ရိုးဖြောင့်စွာ ပြုမူရန်သာလိုလေသည်။ မယားကို စနစ်တကျ ဆိုဆုံးမတတ်ပါမှ လင်၏အလိုကို ငြင်းဆန်မိုက်မဲမည် မဟုတ်ပေ။

မယားဖြစ်သူသည် အကယ်၍ အသုံးဖွာခဲ့သော် မည်သို့သုံးစွဲရန် အကျိုးအပြစ် အလားအလာတို့ကို သိမြင်လာအောင် သွန်သင်၍ မိမိကရှေ့ဆောင်နည်းပြ သွန်သင်ပေးခြင်းဖြင့် ကျွမ်းကျင်လိမ္မာလာနိုင်ပေသည်။ အကြောင်းမဲ့ ဟစ်အော်ဆူပူခြင်း၊ ဆဲရေးမြည်တွန်ခြင်း အခွင့်အရေးကို ရုပ်သိမ်းခြင်း၊ အပြစ်တင်ခြင်းမျှဖြင့် မလိမ္မာသောအရာကို လိမ္မာအောင် ဆောင်ရွက်နိုင်မှသာ လိုရာကိုဆုံးမ၍လွယ်ကူသည်ကို လင်သည် တတ်ကျွမ်းနားလည်ရပေမည်။

မယားတွင် ဆွေမျိုးသားချင်းဖေးကမ်းသော ထောက်ပံ့ကူညီထိုက်သူများလည်း ရှိကောင်းရှိပေမည်။ ထိုတာဝန်များကို သူ့ဘက်ကိုယ့်ဘက် မျှတ တရားနည်းလမ်းကျစွာ လိုက်လျောရပေမည်။

မယား၏ ပုဂ္ဂလိကတစ်ဦးချင်းတာဝန်သည် လင်၏တာဝန်ပင် ဖြစ်ရပေမည်။ မယား၏ စေတနာ၊ မယား၏ အသုံးအစွဲသည် မည်သည့်အခါတွင်မဆို၊ လင်၏အင်အားအလျောက် အချိုးအစားမျှတစွာ ဖြစ်ရပေမည်။ ထိုစရိတ်၊ အဝတ်စရိတ်၊ အိမ်စရိတ်ဟူ၍လိုအပ်သည့်

mgyoe.com

mgyoe.com


အလျောက် အသုံးကဏ္ဍများ ရှိပေမည်။ ထိုစရိတ်များအပြင် အသေးအဖွဲ လင်မယားတို့အတွက် အသုံးအဆောင်ပစ္စည်းများ၊ ဧည့်သည်နှင့် အလှူ အတန်းသာရေး၊ နာရေးလောကဝတ်အသုံးအစွဲများ၊ ကျန်းမာရေးနှင့် ဆေးဝါးပစ္စည်းများ၊ ရင်းနှီးရန်၊ အိုနာစာစုဆောင်းသိုမှီးရန်–စသော အရာ ဌာနလည်း အများပင် ရှိပေမည်။ ထိုထွက်ပေါက် ဟူသမျှတွင် မသုံး မဖြစ်သောအရာ၊ သုံးသင့်သောအရာ၊ မသုံးဘဲဖြစ်သောအရာတို့ကို ခွဲစစ် ဆင်ခြင်လျက် စီမံခန့်ခွဲနိုင်ရန် လိုလေသည်။ ထိုတာဝန်များကို ရေလည် ကျွမ်းကျင်အောင် တတ်မြောက်နားလည်ရန်မှာ အိမ်ရှင်မတိုင်း လိုအပ်၍ ထိုသို့တတ်မြောက်မှ လင်၏ပစ္စည်းကို ကိုင်ခံအပ်နှင်းခံထိုက်မည်။

မယားသည် အပိတ်မရှိသောအိမ်ပေါက်ကဲ့သို့ဖြစ်ပါမူ ဥစ္စာ အပ်နှင်း၍ အကျိုးမရှိပေ။ ထိုကြောင့် ယုံကြည်စွာဖြင့် ဥစ္စာအပ်နှင်းရန် အတွက် မယားကိုလည်း သွန်သင်ညွှန်ပြရပေလိမ့်မည်။ ဥစ္စာပစ္စည်း ရေးတွင် အတူတွဲစပ်လျက် ဆက်ဆံခြင်း မရှိပါမူ အိမ်ထောင်ရေးမှာ သဘာဝမကျပေ။ ဘဝဖန်တီးဘက်အဖြစ် မဟုတ်ဘဲ အကြောင်းတစ်ခုခု၊ အလိုတစ်ခုခုကြောင့် ယာယီပေါင်းစပ်နေထိုင်မှုမျိုးသာ ဖြစ်လိမ့်မည်။

မယားဖြစ်သူတွင်လည်း ဝင်ငွေရှိကောင်းရှိပေလိမ့်မည်။ မည်သူ ၏ဝင်ငွေဖြစ်စေ၊ မည်သူ၏ပါရင်းစွဲပစ္စည်းပင်ဖြစ်စေ နှစ်ဦးညီမျှပိုင်ဆိုင် သင့်လေသည်။ နှစ်ဦးစလုံး၏ကိုယ်ခန္ဓာမှအစ အသက်ပါအပ်၍ ယုံမှတ် ချစ်ခင်ကြသူများအတွက်အပဖြစ်သော ဥစ္စာပစ္စည်းတွင် သူပိုင်– ငါပိုင် ခွဲခြားရန် မထိုက်ပေ။

မြန်မာ လင်,မယားပစ္စည်း ပိုင်ဆိုင်ခွင့်တွင် လင်နှင့် မယားသည် စီးပွားဘက်အဖြစ်အတူထားလျက်ရှိရာ၊ တရားမျှတသော အချက်ပင် ဖြစ်လေသည်။ လင်သော်လည်းကောင်း၊ မယားသော်လည်းကောင်း၊ တစ်ဦးဦးက ပို၍ပင်ပန်းအားစိုက်ရကောင်း အားစိုက်ရပေမည်။ သို့ရာ

mgyoe.com

mgyoe.com


တွင် လင်နှင့်မယားသည် မည်သူက ပင်ပန်းသည်ဟု အချိုးကျခွဲဝေရန် မဟုတ်ဘဲ၊ သာနာ,ညီမျှဆက်ဆံကြရာ၊ ပင်ပန်းမှု၊ အရင်းအနှီး စိုက်ထုတ်မှုကို ထည့်ခွဲရန် မလိုပေ။ အချို့လူမျိုးတွင် မယားဖြစ်သူမှာ လင်၏ မင်္ဂလာခန်းဝင် လက်ဖွဲ့ပစ္စည်းမျှသာ အပိုင်ရလေသည်။ အချို့လည်း သေတမ်းစာအရ လင်ပေးလိုသလောက်သာ ရလေသည်။ ၎င်းမှာ အိမ်ထောင်ရေး၌ ယောကျ်ားမိန်းမမျှတစွာ မေတ္တာဖြင့် ဆက်ဆံမှုအနေဖြင့် တန်ဖိုးမထားဘဲ တဏှာကျွန် ငွေဝယ်မယားသဖွယ် တစ်ဖက်သတ်နှိမ့်ချမှုသာ ဖြစ်လေသည်။

လင်သော်လည်းကောင်း၊ မယားသော်လည်းကောင်း၊ မိမိပစ္စည်း မိမိအကျိုးအခွင့်ကို ခွဲဝေဖက်စပ်ခြင်းမပြုလိုသော်၊ အိမ်ထောင်မိတ်ဖက် မရှာဘဲနေရန်သာ ဖြစ်လေသည်။ အိမ်ထောင်သည်ချစ်ရေး၊ အကူအညီ ရရေး၊ ကာမရေးသာမဟုတ်ဘဲ လူ့လောက၏နှစ်ဦးချင်းသမဝါယမ အကျိုးတူခံစားခွင့်အရဆက်ဆံရေးပင်ဖြစ်ရာ၊ လင်နှင့်မယား၊ ပစ္စည်း ပိုင်ဆိုင်မှုတွင် အဆင့်အတန်းခွဲခြားရန် မသင့်ပေ။

အိမ်ထောင်ရေးသည် ရာသက်ပန်မတည်ဘဲ ပျက်ပြယ်ချင် ပျက်ပြယ်ပေမည်။ သို့ရာတွင် အကယ်၍ ကွဲပြတ်ခဲ့သော်–ဟူသော အလားအလာကိုလင်ရောမယားပါ နှလုံးသွင်းမထားသင့်ပေ။ ထိုသို့ မယုံသင်္ကာနှင့် ပေါင်းဖက်နေရလျှင် အိမ်ထောင်ရေးသည်အသားမကျ၊ မတိုးတက်နိုင်ပေ။ အချို့သည်တစ်ဦး၏ပျက်စီးမှုကိုမျှော်၍ တစ်ဖက်တစ်လမ်းစားနှင့် အိမ်ထောင်ပြုတတ်ကြပေသည်။ ထိုအမူအကျင့်ကား လူ့လောက၌ မိမိစွမ်းရည်ကိုအားမကိုးဘဲ သူတစ်ပါးအား အကျိုးမဲ့ပြုကျင့်သည့် အယုတ်မာဆုံး လူမသမာသာ ဖြစ်ပေသည်။ အချစ်နှင့် အိမ်ထောင်ရေးသည် မွန်မြတ်သော လူ့လောက၏အမြုတေဖြစ်ရာ ၎င်း၏အလွဲသုံးစားပြုခြင်း မတရားမှု၌ ဓားစာခံသုံးခြင်းမျှလောက် ယုတ်မာမှုဘည် မရှိပေ။

mgyoe.com

mgyoe.com

ထိုသို့ ယုတ်မာသော အကြံအစည်ရှိသူတို့တွင် လင်နှင့်မယား စီးပွားရေး၌ဖြောင့်မတ် မှျတသောစိတ်ရင်းကောင်း မရှိနိုင်ပေ။ တစ်ဦးနှ ကိုတစ်ဦးနိုင်လိုသော အမြတ်ထုတ်လိုစိတ်နှင့်ဆက်ဆံနေသော ဘဝ ကို သိမြင်သည်နှင့်တစ်ပြိုင်နက်၊ ထိုလင်ယုတ်–မယားယုတ်တို့ကို ချက်ချင်းစွန့်ပစ်ရန် ဝန်မလေးသင့်ပေ။ အနှောင်းမသေချာပေ။ နောက်ကျ ခြင်းဟူ၍ သဘောမထားခြင်းသည် အစောဆုံးအချိန်ကာလပင်ဖြစ်ရာ၊ အမှားကိုသိလျှင် အမြန်ဆုံးမတွယ်မတာပြုပြင်သင့်ပေသည်။

အိမ်ထောင်တွင် စီးပွားပိုင်ဆိုင်မှုစနစ်မှျတခဲ့လျှင် လင်အဖို့ ပစ္စည်း အပ်ရန် ဝန်လေးတော့မည် မဟုတ်ပေ။ မယားသည်လည်း လင်၏ အကျိုးမဲ့ ကဲ့ဝှက်လိမ့်မည်မဟုတ်ပေ။ ထို့ကြောင့် လင်သည် မယားအား ပစ္စည်းအပ်ရေးတာဝန်ကို ကျေပွန်စေရန်၊ မယားအား အအပ်ခံထိုက် အောင် ဆောင်ရွက်ရန်လည်း လိုလေသည်။

အခြားကျင့်ဝတ်တစ်ပါးကား... အဝတ်အစားဆင်ယင်ခြင်းပင် ဖြစ်၏။ မိမိမယားအား... အဘယ်လင်သည် အဝတ်အစား မဆင်ယင်ဘဲ ရှိအံ့နည်း။ ဆင်ယင်မည်ကား မှန်ပေသည်။ သို့ရာတွင်... ဝတ္တရားအနေ ဖြင့် အခွင့်တရားကို အစွမ်းကုန်ထမ်းရွက်ရန်လိုသည်သာ ဖြစ်လေသည်။

မယားသည် မိမိအား ယုယဆင်ပြင်သော အုပ်ထိန်းသူ မိဘလက် မှ လွတ်မြောက်သောအချိန်တွင် လင်သည် မယား၏တာဝန်အားလုံး ခံယူရသူ ဖြစ်လေသည်။ သူမအား ကျွေးမည့်သူဆင်မည့်သူ၊ ယုယ ဖျော်ဖြေမည့်သူကား အခြားမရှိ လင်သာ ရှိ၏။ လင်၏တစ်မျက်နှာကို တစ်ရွာထင်ရသည်ဟူသကဲ့သို့ လင်သည် ၎င်းတို့၏ဆည်းကပ်ကိုးကွယ် ရာ အိမ်ဦးနတ်ပင် ဖြစ်၏။ သို့ဖြစ်ရာ လင်သည်မယား၏ပူဆာမှု၊ အကြပ်ကိုင်မှုကို မစောင့်ဘဲ ငါပြုမှုနမည့်သူဟု ကြင်နာသနားသော စေတနာဖြင့် စားချိန်တိုင်စား၍ ဝတ်ချိန်တိုင်ဝတ်ရရန် စိတ်စောရပေမည်။

mgyoe.com

mgyoe.com


မယားသည် ယောကျ်ားထက် အလှကြိုက်သော မိန်းမမျိုးဖြစ်၍ လှချင်–ပချင်ပေလိမ့်မည်။ သူမသည် လင်သားရပြီဖြစ်၍ နောက်ထပ် လှလိုစိတ်ရှိတော့မည် လှရန်လိုတော့မည်မဟုတ်ဟု မမှတ်ထင်သင့်ပေ။ အသက်ရှင်နေသမျှ လှချင်ပေမည်။ အချို့မိန်းကလေးသည် ဝတ်ချင် စားချင်–လှပချင်၍ပင် အရွယ်မမျှ ရုပ်ချင်းမမျှသော အပြစ်ဆိုး အနာအိုး ယောကျ်ားကြီးများကို စုံမှတ်၍ ပေါင်းသင်းကြပေသေးရာ၊ သူမတို့အဖို့ လှပလိုစိတ်သည် အပျို အအိုဟူသော ခွဲကန့်ဖြင့် မခြားနားပေ။ သို့ရာတွင် မယားတိုင်း လင်ဖြစ်သူအား ပူလိမ့်မည် မဟုတ်ပေ။ အကြောင်းမှာ လင်၏စွမ်းအား ချို့တဲ့မှုကိုသိ၍လည်းကောင်း၊ သို့မဟုတ် အနှောင့် အယှက်မပေးလို၍လည်းကောင်း။ သို့မဟုတ် လျှပ်ပေါ်လော်လီသည်ဟု အထင်သေးခံရမည်စိုးသဖြင့်လည်းကောင်း၊ အကြောင်းအမျိုးမျိုးရှိသော ကြောင့်ပင် ဖြစ်လေသည်။ ထို့ကြောင့်လင်သည် မိမိစွမ်းအားအလျောက် မယားဖြစ်သူ၏ လှပမှု ဝတ်စားမှုကို လက်မနှေးတမ်း အလိုက်သိစွာ ဝယ်ယူပေးကမ်းမြှောက်စားရပေမည်။

လင်သည် အဝတ်အစား၌ ဇီဇာချဲ့သူမဟုတ်စေကာမူ မယား အတွက် "သူဒီအဆင့်နဲ့တော်လိမ့်မယ်–ဒီအသွေးတော့ သူဝတ်ချင်မှာပဲ" ဟူသော ရှေ့ပြေးစေတနာများနှင့် ဆင်ယင်ရပေမည်။ မယားက ငွေအပ်ရုံ နှင့် "သူ့ဟာ သူဝယ်နိုင်သားပဲ" ဟူသော စိတ်မျိုးဖြင့် မယား၏ နှစ်သိမ့်မှု ကို မရပေ။ မယားသည် သူမအကျိုးသက်သက်အတွက် လင်က စေတနာထားပုံကို လိုလားမြဲဖြစ်လေသည်။ အိမ်ထောင်တစ်ခုလုံး အတွက် စေတနာမှာ ကိုယ့်အကျိုးပါ၍ အထူးမဟုတ်လှပေ။ မယား ဖြစ်သူ၏ပုဂ္ဂလိကအကျိုးအတွက် လင်ကစေတနာပြနိုင်ခြင်းမှာ မယား ချစ်ဆေးပင် ဖြစ်လေသည်။

မယားကြောင့် မိမိအကျိုးအခွင့်ခံစားရယုံသာမဟုတ်။ မယား၏

mgyoe.com

mgyoe.com


အခွင့်အရေးကို ဖြည့်စွမ်းထောက်ပံ့ရဦးမည်ဖြစ်ရာ မိမိမယားအား ဝတ်စားဆင်ယင်မှုမှာ ကျင့်ဝတ်တစ်ပါးပင် ဖြစ်လေသည်။

ထိုမှတစ်ပါး–မိမိမယားကို မြတ်နိုးခြင်းသည် ကျင့်ဝတ်တစ်ပါးပင် ဖြစ်၏။ မယားကို အဆင့်အတန်းခွဲကာ မိမိအကျိုးငှာ အသုံးချရန် ပစ္စည်း အဖြစ်သာ သဘောမထားပါမူ လင်သည်မယားအား အထိုက်အလျောက် လေးစားမြတ်နိုးရမည်သာ ဖြစ်၏။ မိမိမယားကို မိမိက မြတ်နိုးမှသာ မိမိ၏အဖော်အပေါင်း မကောင်းရာမကောင်းကြောင်းတို့ကလည်း လေးစား အရေးပေးကြလိမ့်မည် ဖြစ်၏။

မယားကိုမြတ်နိုးခြင်းမှာ မယားကြောက်ရခြင်းမျိုး မဟုတ်ပေ။ အရာဌာနအလျောက်မဟုတ်ဘဲ၊ အလိုလိုက်ခြင်းမျိုးလည်း မဟုတ်ပေ။ မယားအား... အမြဲတစေ ချီးကျူးမြှောက်ပင့်ရန်လည်း မဟုတ်ပေ။ အချို့က မိမိမယားကို ဆက်ဆံရေးလောကတွင် အထိုက်အလျောက်နေရာ မပေးလိုကြပေ။ မြှောက်စားမြတ်နိုးရမည်ကိုရှက်ရွံ့အောက်ကျဖွယ်အလုပ် ဟု ထင်မှတ်တတ်ကြလေသည်။ ဤအယူအဆကား လုံးဝမှားပေသည်။

ယောကျ်ားသည် မိန်းမကို မည်သို့ပင် အပြစ်ပြောစေကာမူ၊ မရှိ မကောင်း–ရှိမကောင်းနှင့် မပေါင်းလည်းခက် ပေါင်းလည်းခက်ဆို သကဲ့သို့ မိန်းမနှင့်ကင်း၍ မဖြစ်ပေ။ အဖိုနှင့် အမတွဲစပ်ရန်မှာ လောက ၏ သဘာဝသာလျှင် ဖြစ်လေသည်။ သို့ဖြစ်ရာ ယောကျ်ားသည် မိန်းမ နှင့် တန်းတူဆက်ဆံပေါင်းသင်းခြင်း၌ ရှက်ဖွယ်ဖြစ်နိုင်မည်လော။ မိန်းမ နှင့်ယောကျ်ားသည် ဘဝနှင့် စွမ်းအားချင်းမတူသည်မှတစ်ပါး ယောကျ်ား များနှင့် လူ့အခွင့်အရေးတန်းတူရရှိသည်သာဖြစ်ရာ၊ မိန်းမကို အကြောင်းမဲ့ မနှိမ်လိုဘဲ တရားမျှတမှုကို လက်ခံသူတိုင်း မယားနှင့် တန်းတူဆက်ဆံ ရေးကို ရှက်ရွံ့လိမ့်မည်မဟုတ်ပေ။ ထို့ကြောင့် မယားကို ထိုက်သည့် အားလျော်စွာ မြတ်နိုးခြင်းမှာ ယုတ်ညံ့သောအလုပ် မဟုတ်ပေ။

mgyoe.com

mgyoe.com


မယားကို မြတ်နိုးခြင်းမှာ လူ့ရှေ့တွင် ဣန္ဒြေပျက်အောင် ချစ်ရေးကြွယ်နေသည် မဟုတ်ပေ။ မိမိနှင့် တန်းတူညီမျှ အခွင့်အရေးပေးခြင်း၊ သူမ၏အကျိုးကို မဆန့်ကျင်ဘဲ စောင့်စည်းခြင်း၊ ထိုက်တန်စွာမြှောက်စားသင့်သောအခါ မြှောက်စားခြင်း၊ ဆိုဆုံးမသင့်သောအပြစ်၌ လျစ်လျူမပြုခြင်း၊ ကူညီတန်သောအရာ၌ ရင်းနှီးစွာ ကူညီခြင်းတို့မှာ မြတ်နိုးခြင်းပင် ဖြစ်လေသည်။

မိမိမယားဂုဏ်ကြီးမြင့်လျှင် မိမိလည်း မျက်နှာပန်းလှမည်သာဖြစ်ပေသည်။ မိန်းမသည် ယောကျ်ား၏ဘုန်းဂုဏ်ကိုသာ မှီရသည်ဟု တစ်ထစ်ချစွဲနေသော်လည်း လိမ္မာသော မယားကောင်းကိုမှီ၍ ရာထူးဥစ္စာစည်းစိမ်တိုးတက်ရသည်လည်း အများပင်ရှိလေသည်။ ထို့ပြင် မည်သူ၏မယား၊ မည်သူ့ကတော်ဟူ၍ မိမိဂုဏ်ပုဒ်ကိုစွဲကာ တွင်ကျယ်ရသည့်အခါ မယား၏ညံ့ဖျင်းနိမ့်ကျမှုရှိလျှင် မိမိပင် ထိခိုက်နစ်နာခံရသည်ဖြစ်ရာ၊ မယားနှင့်လင်သည် ဂုဏ်ချင်း အပြန်အလှန် ဆက်စပ်လျက်သာ ရှိလေသည်။ လင်ကောင်းမယား မယားကောင်းလင်ပီသမှ နှစ်ဦးစလုံး ဂုဏ်ပြည့်ထွန်းသစ်နိုင်ပေမည်။

ထို့ကြောင့် မယား၏တတ်သိလိမ္မာမှု၊ ဂုဏ်ကြီးမြင့်မှု၊ မိတ်ဆွေသင်္ဂဟကောင်းပေါ်များမှု စသည်တို့အတွက် လင်က မြတ်နိုးမြှောက်စားတတ်သလောက် တိုးတက်နိုင်သည်ဖြစ်ရာ၊ မိမိမယားကို မြတ်နိုးရန်ဝန်မလေးသင့်ပေ။

မြတ်နိုးခြင်းသည်ချစ်ခြင်းလည်း မည်လေသည်။ မယားအပေါ်တွင် ၁၅၀၀–တဏှာချစ်သာမက ၅၂၈–သွယ်မေတ္တာစစ်နှင့် စွဲလမ်းခင်တွယ်မှု သံယောဇဉ်လည်း ရှိမှသာခိုင်မြဲသော အချစ်ဖြစ်ရာ၊ ထိုအချစ်စစ်ဖြင့် မယားကိုချစ်ရပေမည်။ မယားယူတိုင်း မယားကို ချစ်လိမ့်မည်မဟုတ်ပေ။ ထိုအချစ်မှာ အပြစ်အနာ အရေးအရာဟူသော မှတ်ကျောက်ကို

mgyoe.com